# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (7-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး

## ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်၏ အမာခံဖြစ်ရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Customs Duty

MMM Service



# အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၁၄၃၀၁၀ ရိတ်သိမ်းပြီးစီး

**မြောင်းမြ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၁၄၃၀၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ ကို ၂၀၂၃ ခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောစပါးများကို အောက်တိုဘာလပထမပတ်က ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါးများ တစ်ဧကလျှင် ၉၀ ဒသမ ၀၆ တင်းထွက်ရှိကြောင်းသိရသည်။

“အိမ်မဲမြို့နယ်မှာ မိုးသီးနှံ စိုက်ပျိုးရာသီက စပါး ဧက ၁၄၃၀၁၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ မိုးစပါးတွေကို အခက်အခဲမရှိ ရိတ်သိမ်းနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်မီ အချိန်ကတည်းက ကူညီပံ့ပိုးပေးခဲ့ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြားဆက်စပ်တဲ့ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက် ပေးခဲ့ပါတယ်”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ရိတ်သိမ်းခဲ့သည့် စပါးဧက ၁၄၃၀၁၀ တွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW- 11 GW-1 ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတုံး စသည့်စပါးမျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါးများ အထွက်နှုန်း ကောင်းမွန်စေရန်၊ အပျက်အစီးအလေအလွင့် မရှိစေရန်၊ တစ်ကေချင်း အထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အိမ်အမှတ်(၁၆) ၆၉ လမ်းနေ ဒေါက်တာအောင်ခိုင်လင်းမိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ဧက ၂၃၅၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်းဧက ၂၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၀၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မုန်ညင်းနဲ့ ပန်းနှမ်း ၂၀၆၂ ဧက စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိဧက ၂၃၅၀ စိုက်ပြီးပါပြီ။ အင်းတော်မြို့နယ်မှာ မုန်ညင်းနဲ့ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်။ မုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်” ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုန်ညင်းဧက ၁၅၀ နှင့် ပန်းနှမ်း ဧက ၂၂၀၀ စုစုပေါင်း ဧက ၂၃၅၀ ဖြစ်ကြောင်း၊ အင်းတော်မြို့နယ်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မုန်ညင်း ဧက ၂၂၀ နှင့်ပန်းနှမ်း ၁၈၄၂ ဧက စုစုပေါင်း ၂၀၆၂ ဧကဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် မုန်ညင်းနှင့်ပန်းနှမ်းစိုက်ပျိုးမှုကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးမှုကို ကသာခရိုင်နှင့် ကောလင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မုဏ္ဍဒိ-ကမ်းကြီး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့်တာဝန်ရှိသူများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မုဏ္ဍဒိ-ကမ်းကြီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ်၌ မုဏ္ဍဒိ-ကမ်းကြီး ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၃၅ ဒသမ ၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ဆက်လှ**

# ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက လိန်းညား ကျေးရွာအုပ်စု ဝါးပြုံးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဒုတိယဦးစီးမှူးဦးဇွန်သန်းထွန်းနှင့် ဝန်ထမ်းများက ရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဝါးပြုံးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

ဝါးပြုံးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

**ချိုသန်းညွန့်**



# လိုက်နာရမည့် စီးပွားရေးကျင့်ဝတ်များ

မျိုးသူ(ကုန်သွယ်မြင့်)

ဈေးရောင်းသည့်အခါတွင် အချို့လူများကမူ မှန်မှန်ကန်ကန်နှင့် ဝယ်ယူသူစိတ်ကျေနပ်မှုရအောင် ဆောင်ရွက်ပေးခြင်း၊ မဂ္ဂင်ရှစ်ပါးတွင်ပါဝင်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးနှင့်အညီရောင်းချပါက မလျှုနိုင်သည့်တိုင်အောင် ဖြူစင်ကောင်းမွန်ပြီး အလှူပေးသကဲ့သို့ အကျိုးရှိနိုင်သည်ဟု ဆိုကြသည်။

ဈေးရောင်းရာတွင် မည်သည့်ကုန်ပစ္စည်းကို ရောင်းချသည်ဖြစ်စေ မြတ်သည့်အခါရှိသကဲ့သို့ ရှုံးသည့်အခါလည်း ရှိတတ်သည်။ မြတ်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဈေးရောင်းချသူအနေဖြင့် ဝယ်ယူသူကို မှန်မှန်ကန်ကန်နှင့် ကောင်းကောင်းမွန်မွန်၊ ဝယ်သူစိတ်ကျေနပ်မှုရစေရန်အတွက် ရောင်းချပေးလျှင် လှူတန်းသကဲ့သို့ အကျိုးကျေးဇူးရှိသည်ဟု ဆိုကြသည်။ အချို့ကမူ အကျိုးအမြတ်ရအောင် ဈေးရောင်းခြင်းကိုဆောင်ရွက်ပြီး ရရှိလာသော အကျိုးအမြတ်များမှ လှူဒါန်းနိုင်သည်ကိုထောက်ရှု၍ မလှူနိုင်လျှင် လှူနိုင်သည်ထိ ကြီးပွားချမ်းသာအောင်လုပ်ခြင်းကို မလှူနိုင်ဈေးရောင်းဟု ဆိုကြသည်။ ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်ကြသည်မှန်သော်လည်း အရှုံးကို ရေရှည်ခံနိုင်မည်မဟုတ်သဖြင့်လည်း အမြတ်အစွန်းပေါ်မှုများမှသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ သို့သော်လည်း အမြတ်အစွန်းနှင့်အတူ တန်ဖိုးထားရမည့်အရာများလည်းရှိသေးသည်ဟု ဆိုချင်သည်။

အဆိုပါ တန်ဖိုးထားရမည့်အရာများမှာ စီးပွားရေးဆိုင်ရာကျင့်ဝတ်များနှင့် လူမှုရေးဆိုင်ရာ တာဝန်ခံမှုများဖြစ်ကြသည်။ စီးပွားရေးကျင့်ဝတ်များနှင့် လူမှုရေးဆိုင်ရာတာဝန်ခံမှုများကို ကျင့်သုံးခြင်းမရှိသော စီးပွားရေးလုပ်ငန်းများသည် အကျိုးအမြတ်မည်မျှပင်ရှိစေကာမူ သမ္မာအာဇီဝလုပ်ငန်းများဟု သတ်မှတ်ရန်ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအဖို့ အကျိုးအမြတ်ရရှိရေးနှင့် မိမိလုပ်ငန်းအပေါ် စီးပွားရေးကျင့်ဝတ်များထားရှိခြင်း၊ လူမှုရေးဆိုင်ရာတာဝန်ခံမှုများကိုကျင့်သုံးခြင်းတို့ကို တစ်ပြိုင်နက်တည်းဆောင်ရွက်နေရန် လိုအပ်သည်။

**စီးပွားရေးကျင့်ဝတ်(Business Ethics)**

စီးပွားရေးကျင့်ဝတ်များ (Business Ethics) ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက ကျင့်ဝတ်ဆိုသည်မှာ ကိစ္စတစ်ခုကို အမှားအမှန်ခွဲခြားသိရှိပြီး အမှန်ကိုသာ လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် စီးပွားရေးကျင့်ဝတ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများတွင် အမှားအမှန်ကို ခွဲခြားသိမြင်ပြီး မှားယွင်းသောလုပ်ရပ်သည် ငွေကြေးအကျိုးအမြတ်များစွာရရှိသည့်တိုင်အောင် အမှားကိုရှောင်ပြီး အမှန်ဘက်ကို လိုက်ပါဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် အမှားအမှန်ခွဲခြားရန်ခက်ခဲခြင်း၊ အမှားဆိုသည့်တိုင်အောင် အများက ဆောင်ရွက်နေခြင်း စသည်တို့ကိုလည်း တွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို လိုက်နာရန်အတွက် စိတ်ပိုင်းဆိုင်ရာ ခိုင်မာဖြူစင်ရန်ကိုလည်း များစွာလေ့ကျင့်ထားရန်လိုအပ်သည်။ ထို့ကြောင့် မိမိလုပ်ငန်းအတွင်းတွင် ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို သတ်သတ်မှတ်မှတ် ချမှတ်ထားရန်လိုအပ်သည်။ များသောအားဖြင့် ဥပဒေနှင့် ဘာသာရေးကို အခြေခံသော စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို ချမှတ်ပြီး လိုက်နာဆောင်ရွက်တတ်ကြသည်။

ဥပမာအားဖြင့် ခိုင်မာသောစီမံခန့်ခွဲမှုထားရှိခြင်း Corporate Governance၊ လာဘ်ပေးလာဘ်ယူပြုလုပ်သည့်ကိစ္စ၊ မိမိ၏ ခံယူချက်၊ ယုံကြည်ချက်အရ ခွဲခြားသိမြင်နိုင်ခြင်း၊ လူမှုရေးတာဝန်ခံမှုထားရှိခြင်း၊ ဥပဒေအရ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို လိုက်နာခြင်း စသည့်အချက်များဖြင့် စီးပွားရေးကျင့်ဝတ်များကို သတ်မှတ်တတ်ကြသည်။ မိမိလုပ်ငန်းကို မူပိုင်းဆိုင်ရာကျင့်ဝတ်ကိစ္စကိုချမှတ်ထားရန် လိုအပ်သကဲ့သို့ မည်သည့်အချက်များကို မည်သို့ဆုံးဖြတ်မည်ဆိုသည့်ကိစ္စမှာ သန္နိဋ္ဌာန်ချမှတ်ထားရန်လိုအပ်သကဲ့သို့ လေ့ကျင့်ထားရန်လည်း လိုအပ်မည်ဖြစ်သည်။

အဘယ်ကြောင့် သန္နိဋ္ဌာန်ချမှတ်ခိုင်းရသနည်းဟု မေးလာမည်ဆိုပါက အကျိုးအမြတ်နှင့် ပတ်သက်နေသောကိစ္စများတွင် စီးပွားရေးကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရာတွင် တွေဝေမှု၊ ယိမ်းယိုင်မှုများကြုံတွေ့လာရနိုင်သဖြင့် သန္နိဋ္ဌာန်ချမှတ်ရန် တိုက်တွန်းရခြင်းဖြစ်သည်။ များသောအားဖြင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်များကိုလိုက်နာမည်ဆိုပါက အကျိုးအမြတ်တွင်နည်းပါးတတ်ပြီး မလိုက်နာပါက အကျိုးအမြတ်တွင် များပြားတတ်သည့်အခါများတွင် အများစုသည်ပင် ကျင့်ဝတ်လိုက်နာမှု အားနည်းသွားတတ်သည်။ ထို့ကြောင့် အချို့ကိစ္စများတွင် ဥပဒေများဖြင့် ကျင့်ဝတ်များကို ထိန်းသိမ်းရေးဆောင်ရွက်ထားရမည်ဖြစ်သည်။

> ❖ စီးပွားရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးသော စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန်မှာ မလွယ်ကူလှပေ။ စီးပွားရေးကျင့်ဝတ်များကို လိုက်နာသူများသည် များသောအားဖြင့် ငွေကြေးအမြတ်အစွန်းကို လွယ်လွယ်နှင့် ရနိုင်ခြင်းမရှိနိုင်ပေ။ သို့ဖြစ်၍ လိုက်နာရန်ခက်ခဲနေတတ်သည်။ အမှန်မှာမူ စီးပွားရေးကျင့်ဝတ်များကိုလိုက်နာလျှင် ရေရှည်တွင် အကျိုးကျေးဇူးများစွာ ရလာနိုင်သည်။ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ရိုးသားခြင်း၊ သစ္စာရှိခြင်းဟု ဆိုနိုင်သည်။ ❖

**စီးပွားရေးဆိုင်ရာကျင့်ဝတ်များအတွက် အခြေခံမှုများ**

စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို ကျင့်ဝတ်ကောင်းများဟု ဆိုရမည်ဖြစ်သည်။ အဆိုပါကျင့်ဝတ်များကိုလိုက်နာရန်အတွက် အခြေခံမှုများကို အောက်ပါအတိုင်းထားရှိနိုင်သည်-

- မှန်ကန်ဖြောင့်မတ်ခြင်း၊
- ရိုးသားခြင်း၊
- မျှတခြင်း၊
- စာနာထောက်ထားခြင်း၊
- မှန်ကန်သောခေါင်းဆောင်စိတ်ဓာတ်ရှိခြင်း၊
- အခြားသူများကို လေးစားခြင်း၊
- ချစ်ခင်တန်ဖိုးထားခြင်းနှင့် သစ္စာရှိခြင်း၊
- ပွင့်လင်းမြင်သာရှိခြင်း၊
- ပတ်ဝန်းကျင်သာယာလှပရေး၊ ကောင်းမွန်ရေး အသိနှင့် သတိရှိခြင်း၊
- ဥပဒေကို လိုက်နာမှုခိုင်မာအားကောင်းခြင်း၊
- လူမှုရေးတာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊
- ဥပဒေဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း။

**ကျင့်ဝတ်များက မည်သည့်အတွက်ကြောင့်အရေးကြီးပါသလဲ**

ကျင့်ဝတ်များတွင် လူမှုရေးဆိုင်ရာကျင့်ဝတ်များရှိသကဲ့သို့ အရေးကြီးသည့် စီးပွားရေးဆိုင်ရာကျင့်ဝတ်များလည်းရှိသည်။ မည်သည့်အတွက် စီးပွားရေးဆိုင်ရာကျင့်ဝတ်များသည် အရေးကြီးရသနည်းဆိုပါက ငွေကြေးမဟုတ်သောတန်ဖိုးများကို ပြောင်းလဲစေနိုင်ခြင်း၊ ဖောက်သည်များနှင့် စားသုံးသူများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စများကို ပြောင်းလဲသွားနိုင်ခြင်းဟူသောအချက်များကြောင့် အရေးကြီးသည်ဟုဆိုရခြင်းဖြစ်သည်။

ထိုအချက်များအပြင် သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီး Stakeholders များ၊ ဖောက်သည်များ၏ ယုံကြည်မှုနှင့် ၎င်းတို့အတွက် အကျိုးကျေးဇူးကိုရရှိစေသည်။ မိမိစီးပွားရေးလုပ်ငန်းကို ရေရှည်ရပ်တည်စေနိုင်ခြင်းနှင့် ရေရှည်အကျိုးအမြတ်များကို ငွေကြေးအပြင် ငွေကြေးမဟုတ်သောအကျိုးကျေးဇူးများကိုပါ ခံစားရနိုင်သည်။ စီးပွားရေးလုပ်ငန်းပျက်စီးခြင်းမှ ကာကွယ်နိုင်ခြင်း၊ ဥပဒေအရ အရေးယူခံရခြင်းမှ လွတ်ကင်းခြင်းနှင့် ဂုဏ်သိက္ခာပျက်ယွင်းခြင်းမှ ကာကွယ်နိုင်ခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို ချမှတ်ထားပြီး လိုက်နာဆောင်ရွက်သွားရန်လိုအပ်သည်။

စီးပွားရေးဆိုင်ရာကျင့်ဝတ်များကိုလိုက်နာသည့် စီးပွားရေးလုပ်ငန်းတစ်ခု၏ ထုတ်လုပ်သောကုန်ပစ္စည်းဖြစ်စေ၊ ရောင်းဝယ်သောကုန်ပစ္စည်းဖြစ်စေ၊ လုပ်ကိုင်ပေးသောဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ အန္တရာယ်ကင်းရှင်းသည်မှာသေချာသည့်အပြင် ဆက်နွယ်သော ပတ်ဝန်းကျင်မှလူအဖွဲ့အစည်းများ၊ ဖောက်သည်များနှင့် စားသုံးသူများအားလုံးအတွက်လည်း အန္တရာယ်ကင်းရှင်းမည်ဖြစ်သည်။

ဥပမာအားဖြင့် စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းများ၊ စားသောက်ကုန်ရောင်းဝယ်သောလုပ်ငန်းများတွင် အဆိုပါစီးပွားရေးကျင့်ဝတ်များကို လိုက်နာရန် အလွန်အရေးကြီးသည်။ အစားအသောက်များတွင် ကြော်ငြာသည်ကတစ်မျိုးဖြစ်ပြီး အမှန်ထုတ်လုပ်သော၊ ရောင်းဝယ်သော ကုန်ပစ္စည်းများသည် မမှန်မကန်ဖြစ်နေပါက စားသောက်သူများအတွက် အသက်အန္တရာယ်ထိပင် ဖြစ်ပွားနိုင်သည်။ ကျင့်ဝတ်များသည် လူသားအသိုက်အဝန်းကြားတွင် မရှိမဖြစ်လိုအပ်သောကိစ္စဖြစ်ပြီး လူမှုပတ်ဝန်းကျင်ကိုအထောက်အကူဖြစ်စေသည်။ ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းအတွက်ပါ အကျိုးကျေးဇူးများရရှိနိုင်သည်။

**လူမှုရေးတာဝန်ခံမှုများ (Corporate Social Responsibility)**

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ အကျိုးအမြတ်များရရှိလာလျှင် အလှူအတန်းများပါ လှူဒါန်းလာတတ်ကြသည်။ လှူဒါန်းခြင်းကို ဘာသာရေးနှင့်နွယ်သော ကိစ္စများတွင်သာ အများစုက ဆောင်ရွက်တတ်ကြသော်လည်း အမှန်မှာမူ စီးပွားရေးလုပ်ငန်းများကိုလွှမ်းမိုးသော ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များတွင် စီးပွားရေးကျင့်ဝတ်ကောင်းများနှင့် Corporate Social Responsibility – CSR ဆိုသော လူမှုရေးတာဝန်ယူမှု၊ တာဝန်ခံမှုကိစ္စများပါ ပါဝင်နေကြသည်ကို သတိပြုရန်လိုအပ်သည်။

စီးပွားရေးကျင့်ဝတ်များပေါ်တွင် အခြေခံသော်လည်းကျင့်ဝတ်များမှာ ငွေကြေးအမြတ်အစွန်းနှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိတတ်ဘဲ ငွေကြေးနှင့်မဆိုင်သော အခြားတန်ဖိုးများနှင့် အခြားအကျိုးကျေးဇူးများပြုတတ်သည်။ ရေရှည်တွင်မူ ကျင့်ဝတ်လိုက်နာသောလုပ်ငန်းအတွက် ငွေကြေးနှင့် နာမည်ဂုဏ်သတင်းမှစတင်ပြီး အကျိုးကျေးဇူးများရရှိလာနိုင်သည်။ လူမှုရေးတာဝန်ခံမှုများမှာမူ ငွေကြေးအကျိုးအမြတ်ရရှိပြီးနောက်တွင်မှဆောင်ရွက်တတ်ကြပြီး အမြတ်ပေါ်တွင် ရာခိုင်နှုန်းတစ်ခုဖြင့်သာ လူမှုအဖွဲ့အစည်းအတွက် အကျိုးပြုတတ်သည်။ လူမှုရေးတာဝန်ခံမှုဆိုသည်မှာ လူသား၊ အကျိုးအမြတ်နှင့် ကမ္ဘာဂြိုဟ်အတွက်ဖြစ်သည်ဟု ဆိုသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်**

စီးပွားရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးသော စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန်မှာ မလွယ်ကူလှပေ။ စီးပွားရေးကျင့်ဝတ်များကိုလိုက်နာသူများသည် များသောအားဖြင့် ငွေကြေးအမြတ်အစွန်းကို လွယ်လွယ်နှင့် ရနိုင်ခြင်းမရှိနိုင်ပေ။ သို့ဖြစ်၍ လိုက်နာရန်ခက်ခဲနေတတ်သည်။ အမှန်မှာမူ စီးပွားရေးကျင့်ဝတ်များကိုလိုက်နာလျှင် ရေရှည်တွင် အကျိုးကျေးဇူးများစွာရလာနိုင်သည်။ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ရိုးသားခြင်း၊ သစ္စာရှိခြင်းဟု ဆိုနိုင်သည်။ ထိုအချက်နှစ်ချက်မှာ လုပ်ငန်းရှင်တိုင်း လိုက်နာကျင့်သုံးရသည့်ကိစ္စများဖြစ်ပြီး ရိုးသားဖြောင့်မတ်ခြင်းဆိုသည်မှာ ကုန်ထုတ်လုပ်သူများအထူးသဖြင့် စားသောက်ကုန်ထုတ်လုပ်သူများ မဖြစ်မနေလိုက်နာရမည့်ကိစ္စဖြစ်သည်။ ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် လုပ်ငန်း၏ ဂုဏ်သိက္ခာတက်ခြင်းနှင့် အကျိုးကျေးဇူးများတိုးတက်လာမည်မှာ သေချာသည်။

သို့ဖြစ်၍ အများမိုးခါးရေသောက်သော်လည်း လိုက်မသောက်ရန်လိုအပ်သည်။ သိက္ခာဆိုသည်မှာ လုပ်ငန်းတွင်သာမက ထုတ်လုပ်သောကုန်ပစ္စည်း၏ အရည်အသွေးကောင်းမွန်ကြောင်း အာမခံချက်လည်းဖြစ်သည်။ ထို့ကြောင့်ပင် စီးပွားရေးကျင့်ဝတ်ကိုလိုက်နာသောလုပ်ငန်းရှင်အဖို့ အရည်အသွေးနှင့်ပတ်သက်၍ ကောင်းသည်ကိုသာ သုံးစွဲသည်၊ ကျန်းမာရေးနှင့် ညီညွတ်အောင်ထုတ်လုပ်ထားသည် စသည့်အချက်များကို အာမခံပြီးဖြစ်သည်။ သို့သော် စီးပွားရေးကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းနိုင်ရန်မှာ ခိုင်မာသောသန္နိဋ္ဌာန်မချမှတ်လျှင် မဖြစ်နိုင်ပေ။ ထို့ကြောင့် စီးပွားရေးကျင့်ဝတ်ကိုလိုက်နာခြင်းသည် အတိုင်းအတာတစ်ခုထိ အာမခံချက်ပေးထားခြင်းဖြစ်သည်။

ယခုနောက်ပိုင်းတွင် စားသုံးသူများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကိုသာ ရွေးချယ်ဝယ်ယူလိုကြသဖြင့် အရည်အသွေးကောင်းသောပစ္စည်းများကိုထုတ်လုပ်ထားခြင်းဖြင့် စီးပွားရေးကျင့်ဝတ်ကို လိုက်နာပြီးဖြစ်စေသည်။ ထို့ပြင် လေးစားခြင်းနှင့် ပွင့်လင်းမြင်သာရှိခြင်းတို့သည်လည်း စားသုံးသူများကြိုက်နှစ်သက်သည့်ကိစ္စများဖြစ်၍ ဤအချက်နှစ်ချက်ကိုလည်း ထည့်သွင်းတွက်ချက်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို လိုက်နာပြီး စီးပွားရှာခြင်းသည် သာမန်ကြည့်လျှင် စားသုံးသူအတွက်သာဖြစ်သည်ဟုဆိုသော်လည်း သေချာကြည့်လျှင် မိမိ၏လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေသည့်အကြောင်းများပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# တိုင်းရင်းသားဆွေ တို့မြန်တွေ

- သမိုင်းထင်းပါဘိ
  တိုင်းရင်းသား တို့အဆွေ၊
  ညီညွတ်မှု အင်အားနဲ့
  ထင်ရှားတဲ့ ပြည်၊
  ပြည်ထောင်များ စုဖွဲ့ပေ
  တို့ရေမြေ တစ်ပေါင်းစည်း၊
  တို့ပန်းတိုင် ပြည်ဖွံ့ဖြိုးဖို့
  ကြိုးခဲ့သည်ချည်း။

- အရှိန်းခွင်းပါဘိ
  တိုင်းရင်းသား တို့အဆွေ၊
  ရဲရင့်စွာ ဇာတိသွေး
  နီစွေးတဲ့ ပြည်၊
  နယ်ချဲ့တဲ့ မိစ္ဆာတွေ
  ကြိတ်ကာခြေ တွန်းလှန်အား၊
  သွေးချင်းစုံ လက်ချင်းတွဲ
  ခိုင်မြဲပေတကား။

- စံနှိုင်းကင်းပါဘိ
  တိုင်းရင်းသား တို့အဆွေ၊
  အတူသာ ညီစွာကြိုးရင်
  တိုးတက်မဲ့ ပြည်၊
  အေးချမ်းပြီး သာမှာပေ
  မြန်မာတွေ အားအင်ဖွဲ့၊
  တိုင်းရင်းသား အစုံ
  ရိုင်းပင်းအား စုပြုံလို့
  ဘုံမြန်မာ မြင့်ထက်မြင့်အောင်
  ထမ်းဆောင်လာခဲ့။ ။

**လွမ်းလေးကို(သရက်)**

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ဧက ၇၀၄၄၀ ရိတ်သိမ်းပြီးစီး

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများတွင် ဧက ၇၀၄၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။



ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၉၁၃၄၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့်စပါးများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၇၀၄၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးသည့် စပါးတစ်ဧကလျှင် ၉၀ ဒသမ ၄၆ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ မိုးစပါး ၉၁၃၄၆ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါး ဧက ၇၀၄၄၀ ထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ စပါးတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ လက်ရှိရိတ်သိမ်းနေတဲ့ စပါးတွေအပါအဝင် မိုးသီးနှံတွေကို အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့၊ လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မိုးစပါးစိုက်ခင်းများဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်စေရန် စသည့်အသိပညာပေးလုပ်ငန်းများကို စပါးများရိတ်သိမ်းချိန်ထိ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် မိုင်းယန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းယန်းကျေးရွာအုပ်စု မိုင်းယန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က မိုင်းယန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့်တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၇၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မိုင်းယန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၆၉၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၇၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ညောင်ကုန်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ညောင်ကုန်းကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမအုတ်တံတိုင်းကာရံခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

အဆိုပါ ညောင်ကုန်းကျေးရွာတွင် အရှည်ပေ ၂၅၀၊ အမြင့်ငါးပေခွဲရှိ ခန်းမဆောင်အုတ်တံတိုင်းကာရံခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၁ သန်း အသုံးပြု၍ ဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သက်မာ**

# နိုင်ငံတကာ သတင်းများ

## နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့ မစ်ရှင်များ ပိတ်သိမ်းရေးလုပ်ငန်း အီရတ်အစိုးရစတင်

**ဘဂ္ဂဒက် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ ဦးဆောင်သော နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့၏မစ်ရှင်များကို ပိတ်သိမ်းရန် အီရတ်အစိုးရက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံသည်ဆီးရီးယား၌ တပ်ဖွဲ့ဝင်ဦးရေ ၉၀၀၊ အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင်ဦးရေ ၂၅၀၀ တပ်စွဲထားပြီး အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ပြန်လည် တိုက်ခိုက်လာနိုင်မှုကို တားဆီးရန် ကြိုးစားနေသော အီရတ်နှင့် ဆီးရီးယားကာ့ဒ်တပ်ဖွဲ့များကို ကူညီလျက်ရှိသည်။

သို့သော် လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် အမေရိကန်နိုင်ငံဦးဆောင်သော နိုင်ငံစုံညွန့်ပေါင်းအုပ်စု၏ အီရတ်ပြည်တွင်းမစ်ရှင်များ ပိတ်ပင်ရေးလုပ်ငန်းစဉ်ကို အီရတ်အစိုးရက စတင်နေပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်ရုံး ကြေညာချက်၌ ဖော်ပြထားသည်။

အီရတ်နိုင်ငံမှ နိုင်ငံတကာတပ်များ အပြီးတိုင်ရုပ်သိမ်းရေးအတွက် အစီအစဉ်များရေးဆွဲပေးမည့် ပူးတွဲကော်မတီတစ်ရပ်ဖွဲ့စည်းမည့်အချိန်ကို အီရတ်အစိုးရက သတ်မှတ်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၏အဆိုအရ သိရသည်။

အီရတ် စစ်ရေးမစ်ရှင်များ ပိတ်သိမ်းရေးပူးတွဲကော်မတီတွင် နိုင်ငံစုံတပ်ဖွဲ့မှ ကိုယ်စားလှယ်များလည်း ပါဝင်မည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်ရုံး ကြေညာချက်၌ ဖော်ပြထားသည်။

အမေရိကန် စစ်ဘက်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ့စစ် ခေါင်းဆောင်တစ်ဦးသေဆုံးခဲ့ရမှုအတွက် အီရတ်နိုင်ငံသားများ အမျက်ထွက်နေစဉ် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့မစ်ရှင်များ ပိတ်သိမ်းရန် အီရတ်အစိုးရက စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## လက်ဘနွန်အခြေစိုက် လက်နက်ကိုင်အုပ်စုများ အစ္စရေးမြောက်ပိုင်းဒေသကို ပစ်ခတ်တိုက်ခိုက်

**ဗေရွတ်ဆလင် ဇန်နဝါရီ ၆**

လက်ဘနွန်နိုင်ငံ ဘက်ခြမ်းမှ လက်နက်ကိုင်အုပ်စုများသည်ယနေ့တွင် အစ္စရေးမြောက်ပိုင်းဒေသကို အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သည့်အုပ်စုတစ်စုကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

လက်ဘနွန်အခြေစိုက် အကြမ်းဖက်အုပ်စုများသည် အစ္စရေးမြောက်ပိုင်း မီရွန်ဒေသသို့ ဒုံးကျည်အစင်း ၄၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်သတင်းထုတ်ပြန်ချက်အရသိရသည်။

လက်ဘနွန် အခြေစိုက် လက်နက်ကိုင်အုပ်စုများ၏ ယနေ့တိုက်ခိုက်မှုများကြောင့် အစ္စရေးမြောက်ပိုင်း၌ အရပ်သားများအထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စု၏ ဒုတိယအကြီးအကဲ သေဆုံးမှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးကင်းစခန်းတစ်ခုကို ဒုံးကျည် ၆၂ စင်းဖြင့် ယနေ့တွင် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက ကြေညာထားသည်။

လက်ရှိဖြစ်ပွားဆဲ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား စစ်ပွဲနယ်ကျော်ကူးစက်မည့်အရေး စိုးရိမ်နေရချိန်တွင် အစ္စရေးနှင့် လက်ဘနွန်တို့ကြား အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်နှစ်လျှင် မောင်းသူမဲ့ လေယာဉ်အစင်း ၃၂၀၀၀ ကျော်ထုတ်လုပ်ရန် ရုရှားနိုင်ငံစီစဉ်



**မော်စကို ဇန်နဝါရီ ၆**

၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်စဉ်မောင်းသူမဲ့လေယာဉ် ထုတ်လုပ်မှုနှုန်းကို တစ်နှစ်လျှင် အစင်းရေ ၃၂၀၀၀ကျော်ထိ တည်ဆောက်ထုတ်လုပ်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ရုရှားနိုင်ငံ၏ မောင်းသူမဲ့ လေယာဉ် နှစ်စဉ်ထုတ်လုပ်မှုနှုန်းကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်နှစ်လျှင် အစင်းရေ ၃၂၅၀၀ထိ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ရုရှားအစိုးရ ပထမလက်ထောက်ဝန်ကြီးချုပ် အန်ဒရီဘီလိုဆော့ဗ်က ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်ယူကရိန်းတို့သည် စစ်ရေးအတွက် မောင်းသူမဲ့လေယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချခဲ့ကြသည်။

ရုရှားနိုင်ငံက ၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်စဉ်ထုတ်လုပ်ရန်စီစဉ်ထားသော မောင်းသူမဲ့လေယာဉ် အရေအတွက်သည် လက်ရှိထုတ်လုပ်နေသည့် ပမာဏထက် သုံးဆ ပိုမြင့်မားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် မောင်းသူမဲ့ လေယာဉ်တည်ဆောက်ရေး အမျိုးသားစီမံကိန်းများ အတွက်လည်း ၂၀၃၀ ပြည့်နှစ်တွင် ရူဘယ်လ်ငွေ ၆၉၆ဘီလီယံ(အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ)ကို ဘဏ္ဍာရေးအရ ထောက်ပံ့ပေးမည်ဖြစ်သည်။

မောင်းသူမဲ့ လေယာဉ်များကို စစ်ရေးအတွက်သာမက စက်မှုလုပ်ငန်းနယ်ပယ် အားလုံးအတွက်လည်းအသုံးပြုနိုင်သည်ဟု ရုရှားသမ္မတပူတင်က ပြီးခဲ့သည့်နှစ်အတွင်း ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ငလျင်လှုပ်ခတ်မှုနှင့်ဗုံးကွဲမှုများဖြစ်ခဲ့သည့် ဂျပန်နှင့်အီရန်တို့ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာများ ကင်ဂျုံအန်ပေးပို့

**ပြုံယမ်း ဇန်နဝါရီ ၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စာနာထောက်ထားကြောင်း သဝဏ်လွှာများကို ဂျပန်နှင့် အီရန်ခေါင်းဆောင်များထံ ယနေ့တွင် ပေးပို့ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယခုရက်သတ္တပတ်အတွင်း အီရန်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ဂျပန်နိုင်ငံ၌ အင်အားပြင်းမြေငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ယင်းနိုင်ငံများ၏ ခေါင်းဆောင်များထံ စာနာထောက်ထားကြောင်း သဝဏ်လွှာများကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပေးပို့ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၌ ဇန်နဝါရီ ၃ ရက်က ဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ လူဦးရေ ၁၀၀ နီးပါးသေဆုံးခဲ့ရသည်။

ထို့နည်းတူ ဂျပန်နိုင်ငံ၌လည်း ဇန်နဝါရီ ၁ ရက်က အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ သေဆုံးသူ ၁၀၀နီးပါး ရှိလာခဲ့ပြီဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါထံပေးပို့ခဲ့သည့် သဝဏ်လွှာတွင် ငလျင်ဒဏ်သင့်ဒေသများ၌ မကြာမီကာလအတွင်း အရာရာပြန်လည်တည်ငြိမ်သွားရန် မျှော်လင့်ထားကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်က ဆန္ဒပြုထားသည်။

အီရန်သမ္မတ အက်ဘရာဟင် ရိုင်စီထံပေးပို့ခဲ့သည့် သဝဏ်လွှာတွင်မူ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒ ပုံစံမှန်သမျှကိုဆန့်ကျင်ကြောင်း ကင်ဂျုံအန်က ထပ်လောင်းအတည်ပြုထားသည်။

Ref : RT
Trs : KKO

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခရီးသည်ရထားတစ်စီး မီးလောင်မှုဖြစ်ပွား

**ဒါကာ ဇန်နဝါရီ ၆**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုဇန်နဝါရီ ၅ ရက်တွင်ခရီးသည်တင်ရထားတစ်စီးမီးလောင်မှုဖြစ်ပွားခဲ့ရာ လူ လေးဦး သေဆုံးခဲ့ရသည်။

အဆိုပါရထား မီးလောင်မှုကို ရွေးကောက်ပွဲ ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ပြုလုပ်သည့် ရှို့မီးအဖြစ် ဘင်္ဂလားဒေ့ရှ်အစိုးရက ဝေဖန်ထားသည်။

ဒါကာမြို့ဆီသို့ဦးတည်ခုတ်မောင်းနေသော ဘီနာပိုလ်အိတ်စပရက်စ်အမည်ရှိ အမြန်ရထားပေါ်၌ ဇန်နဝါရီ ၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့်မီးလောင်မှုသည် ရထားတွဲလေးတွဲကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ဘီနာပိုလ်အိတ်စပရက်စ် အမြန်ရထားမီးလောင်မှုကြောင့် ခရီးသည်ရှစ်ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်အစိုးရ တာဝန်ရှိသူများသည် အမြန်ရထားမီးလောင်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇန်နဝါရီ ၇ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ပြီး ယင်းရွေးကောက်ပွဲကို အဓိကအတိုက်အခံပါတီဖြစ်သည့်ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီက သပိတ်မှောက်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ULA ကုမ္ပဏီ၏ ဗော်လ်ကန်ဒုံးပျံ ပထမဆုံးအာကာသမစ်ရှင်အတွက် ကိပ်ကာနေဗာရယ်လ်အာကာသစခန်း ပစ်လွှတ်နယ်မြေ-၄၁ သို့ ရောက်ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီ၏ ဗော်လ်ကန်ဒုံးပျံသည် ပထမဆုံး အာကာသမစ်ရှင်အတွက် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်း ပစ်လွှတ်နယ်မြေ-၄၁ သို့ရောက်ရှိနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ULA ကုမ္ပဏီသည် ဇန်နဝါရီ ၈ ရက်တွင် Peregrine အမည်ရှိ ပုဂ္ဂလိက လဆင်းယာဉ်တစ်စင်းကို ဗော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

Peregrine လဆင်းယာဉ် မစ်ရှင်သည် ဗော်လ်ကန်ဒုံးပျံ၏ ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း ULA ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ကိုယ်ထည်အလျား ၂၀၂ ပေရှိသည့် ဗော်လ်ကန်ဒုံးပျံကို လက်ရှိအသုံးပြုနေသည့် အက်တလပ်-၅ နှင့် ဒယ်လ်တာ-၄ ဒုံးပျံများနေရာတွင် အစားထိုးအသုံးပြုရန် ULA ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ဗော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်မည့် Peregrine လဆင်းယာဉ်ကို ပစ်ဘာ့ဂ်မြို့အခြေစိုက် အက်စထရိုဘော့တစ် အာကာသနည်းပညာကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် လွှတ်တင်ပြီးပါက လာမည့်ဖေဖော်ဝါရီလအတွင်း လပေါ်သို့ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း ULA ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက MMX အင်္ဂါဂြိုဟ်ရံလ လေ့လာရေးမစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၆ ခုနှစ်ထိ နောက်ဆုတ်ထား

**တိုကျို ဇန်နဝါရီ ၆**

ဂျပန် အမျိုးသားအာကာသအေဂျင်စီသည် MMX အမည်ရှိ အင်္ဂါဂြိုဟ်ရံလ လေ့လာရေးမစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၆ ခုနှစ်ထိ နောက်ဆုတ်ထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ဂျပန် အမျိုးသားအာကာသအေဂျင်စီသည် မူလက MMX မစ်ရှင်ကို ယခုနှစ် စက်တင်ဘာလအတွင်း အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် လက်ရှိအခြေအနေအရ MMX မစ်ရှင်ကို အင်္ဂါဂြိုဟ်မစ်ရှင်များအတွက် လမ်းသစ်ထပ်မံပေါ်လာမည့် ၂၀၂၆ ခုနှစ်သို့ နောက်ဆုတ်ထားကြောင်း ဂျပန်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



ဂျပန် အမျိုးသားအာကာသအေဂျင်စီသည် MMX မစ်ရှင်ဖြင့် အင်္ဂါဂြိုဟ် ဂြိုဟ်ရံလတစ်စင်းဖြစ်သည့် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်မှ ကျောက်သားနမူနာ ၁၀ ဂရမ်ထိ ရယူရန်စီစဉ်ထားပြီး ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ခဲ့ပါက MMX မစ်ရှင်အနေဖြင့် ဖိုးဘော့စ်ဂြိုဟ်ရံလ ကျောက်သားနမူနာများကို ၂၀၃၁ ခုနှစ်မှသာ ကမ္ဘာမြေသို့ ပြန်လည်ပို့ဆောင်နိုင်မည်ဖြစ်သည်။

MMX မစ်ရှင် အာကာသယာဉ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလ ကျောက်သားနမူနာ ရယူရေးမစ်ရှင်အတွင်း ဒေးမော့စ်အမည်ရှိ အခြားအင်္ဂါဂြိုဟ် ဂြိုဟ်ရံလတစ်စင်းကိုလည်း အနီးကပ်ဖြတ်သန်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီက Proba-3 မစ်ရှင်ကို အိန္ဒိယနိုင်ငံ၏ PSLV ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထား

**ပဲရစ် ဇန်နဝါရီ ၆**

ဥရောပအာကာသအေဂျင်စီသည် Proba-3 အမည်ရှိ မစ်ရှင်ကို အိန္ဒိယနိုင်ငံ၏ PSLV ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

Proba-3 မစ်ရှင်ကို ယခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ PSLV ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ဇန်နဝါရီ ၅ ရက်က သတင်းထုတ်ပြန်ထားသည်။

ဥရောပအာကာသအေဂျင်စီသည် နေကြတ်မှုကို ပုံစံတူဖန်တီးရေးအတွက် Proba-3 မစ်ရှင်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Proba-3 မစ်ရှင်တွင် ဂြိုဟ်တုနှစ်စင်းပါဝင်ပြီး အဆိုပါဂြိုဟ်တုနှစ်စင်းအနေဖြင့် တစ်စင်းနှင့်တစ်စင်း အနီးကပ်ပျံသန်း၍ နေကြတ်မှုကို ပုံစံတူဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Proba-3 မစ်ရှင်၏ဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၀၀ အကွာတွင်နေရာယူ၍ နေကြတ်မှုကို ပုံစံတူဖန်တီးမည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

နေကြတ်မှုကို ပုံစံတူဖန်တီးမှု အောင်မြင်ခြင်း ရှိ၊ မရှိသည် Proba-3 မစ်ရှင်၏ ဂြိုဟ်တုနှစ်စင်း ပတ်လမ်းပေါ်၌ တိကျစွာအနီးကပ်နေရာယူနိုင်မှုအပေါ် မူတည်ကြောင်း ဥရောပ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အရွယ်ရောက်ချိန် အိပ်စက်ချိန်ထိခိုက်ခဲ့သူများတွင် မှတ်ဉာဏ်ပိုင်းဆိုင်ရာပြဿနာများ ပေါ်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၆**

အရွယ်ရောက်ချိန် အသက် ၃၀ နှင့် ၄၀ ပိုင်းအတွင်း အိပ်စက်ချိန် ထိခိုက်ခဲ့သူများတွင် နောက် ၁၁ နှစ်အကြာ၌ မှတ်ဉာဏ်ပိုင်းဆိုင်ရာပြဿနာများ ပေါ်လာနိုင်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

လူလားမြောက်ချိန်တွင် အိပ်စက်ချိန် ထိခိုက်သူများ သက်လတ်ပိုင်းအရွယ်ရောက်ပါက မှတ်ဉာဏ်ပြဿနာများနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းဆိုင်ရာ ပြဿနာများပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် နှစ်ဆပိုမြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၄၀ ရှိသည့် လူပေါင်း ၅၂၆ ဦးတို့ကို ၁၁ နှစ်ကြာ အချိန်ယူလေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ စမ်းသပ်မှုကာလအတွင်း အိပ်စက်ချိန်ထိခိုက်သူများ နောက် ၁၁ နှစ်အကြာတွင် ဦးနှောက်စွမ်းဆောင်ရည်စမ်းသပ်မှုများပြုလုပ်ချိန်၌ ရလဒ်များဆိုးရွားနေတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အိပ်စက်ချိန်ထိခိုက်သူများထံမှရယူခဲ့သော အိပ်စက်ချိန် စုစုပေါင်းနှင့် သက်လတ်ပိုင်းအရွယ်ရောက်ချိန် ဦးနှောက်လည်ပတ်မှုပုံစံတို့ကြား ဆက်စပ်မှုတစ်စုံတစ်ရာ မတွေ့ရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သောဓာတ်စာများက အဆုတ်ရောဂါတစ်မျိုးကိုကုသရာတွင် ကူညီနိုင်

**နယူးယောက် ဇန်နဝါရီ ၆**

အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်ဝသည့်အစားအစာများပါဝင်သော ဓာတ်စာပုံစံများသည် Pulmonary Fibrosis ခေါ် အဆုတ်ရောဂါတစ်မျိုးကို ကုသရာတွင် ကူညီနိုင်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

Pulmonary Fibrosis သည် အဆုတ်လေအိတ်များပတ်လည်ရှိ တစ်ရှူးများပျက်စီး၍ မာကျောခြောက်ကပ်လာချိန်တွင် ဖြစ်ပွားတတ်သည့် အဆုတ်ရောဂါပုံစံတစ်မျိုးဖြစ်သည်။

တစ်ခါတစ်ရံ ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်နေတတ်သည့် Pulmonary Fibrosis ရောဂါဖြစ်ပွားပါက အဆုတ်၏ပုံမှန်လုပ်ငန်းလည်ပတ်မှု ပျက်စီးသွားတတ်ပြီး လူနာမှာအသက်ရှူမဝခြင်း၊ အားနည်းခြင်းနှင့်မလှုပ်ရှားနိုင်ဖြစ်မှုတို့ကို ခံစားရတတ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်ဝသည့် ဓာတ်စာများသည် Pulmonary Fibrosis ရောဂါ ပြင်းထန်လာမှုကို လျှော့ချရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Pulmonary Fibrosis လူနာ ၃၀၀ ကျော်ကိုလေ့လာမှုများပြုလုပ်ခဲ့ရာ သွေးအတွင်း အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်မှု အဆင့်မြင့်မားသူများသည် ရောဂါကိုကုသရာတွင် ရလဒ်ပိုကောင်းတတ်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ၂၀၂၄ ခုနှစ်တွင် ပထမဆုံးစိန်ခေါ်ပွဲအဖြစ် အန်တိုနီဂျိုရှာက ဖရန်စစ်နှင့်ထိုးသတ်မည်ဟု အက်ဒီဟန်း ထုတ်ပြန်



ဝါရှင်တန် ဇန်နဝါရီ ၆

WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာသည် ၂၀၂၄ ခုနှစ်တွင် ပထမဦးဆုံးသောစိန်ခေါ်ပွဲစဉ်အဖြစ်လျာထားသည့်ပြိုင်ဘက်များအနက် အမေရိကန် UFC ကစားသမားဖရန်စစ်နှင့် ထိုးသတ်မည်ဖြစ်ကြောင်း အန်တိုနီဂျိုရှာ၏ Promoter ဖြစ်သူ အက်ဒီဟန်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အန်တိုနီဂျိုရှာနှင့် ဖရန်စစ်တို့သည် ဆော်ဒီနိုင်ငံ ရီယာ့ဒ်မြို့တွင် ထိုးသတ်မည်ဖြစ်ပြီး ၁၀ ချီ စနစ်ဖြင့်သာ ထိုးသတ်မည်ဖြစ်ကြောင်းလည်း အက်ဒီဟန်းက ပြောကြားခဲ့သည်။

အန်တိုနီဂျိုရှာသည် အမေရိကန်လက်ဝှေ့သမား ဒီယွန်တေးနှင့် ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း ဒီယွန်တေသည် ဂျိုးဆပ်ပါကားကို ရှုံးနိမ့်ခဲ့ရပြီးနောက် စိန်ခေါ်ပွဲပျက်ပြယ်ခဲ့ရသည်။

အန်တိုနီဂျိုရှာကို စိန်ခေါ်ထားသည့် ပြိုင်ဘက်အမြောက်အမြားရှိသည့်အနက် အန်တိုနီဂျိုရှာက ဖရန်စစ်ကိုရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည်။

အန်တိုနီဂျိုရှာသည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဆုများကို ပြန်လည် ရယူလိုသည့်အတွက် ချန်ပီယံကို စိန်ခေါ်ခွင့်ရလိုသောကြောင့် စိန်ခေါ်ပွဲများတောက်လျှောက်ပြုလုပ်ရန်စီစဉ်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ်အတွင်း စိန်ခေါ်ပွဲ သုံးပွဲထိ ထိုးသတ်ထားသူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## နည်းပြဒင်းနစ်ဇ်ကို ရာထူးမှထုတ်ပယ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်ကြေညာ

ဘရာဇီးလီးယား ဇန်နဝါရီ ၆

ဘရာဇီးဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြတိုက်နေရာတွင် နည်းပြဒင်းနစ်ဇ်ကို ယာယီခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် အမြဲတမ်းနည်းပြအဖြစ် တောင်းဆိုခဲ့ရာ အဆင်မပြေမှုများကြောင့် ပြီးခဲ့သည့်သောကြာနေ့က ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဘရာဇီးအသင်းသည် နည်းပြဒင်းနစ်ဇ်ကို ပြီးခဲ့သည့်ဇူလိုင်လက တစ်နှစ်သက်တမ်းစာချုပ်ဖြင့် ယာယီနည်းပြခန့်အပ်ခဲ့ပြီးနောက် ၎င်းနေရာတွင် ၂၀၂၄ ခုနှစ် ဇွန်လ၌ ရီးရဲလ်မက်ဒရစ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြအန်ဆယ်လော့တီကို ခန့်အပ်ရန် လျာထားခဲ့ကြောင်း သိရသည်။

သို့သော် နည်းပြအန်ဆယ်လော့တီသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ နှစ်နှစ်သက်တမ်း တိုးခဲ့သောကြောင့် နည်းပြဒင်းနစ်ဇ်က ယာယီနည်းပြအဖြစ်မှ အမြဲတမ်းနည်းပြအဖြစ်သို့ ပြောင်းလဲပေးရန် တောင်းဆိုခဲ့ရာ ဘရာဇီး ဘောလုံးအဖွဲ့ချုပ်က ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဒင်းနစ်ဇ်သည် ဘရာဇီးအသင်းကိုတာဝန်ယူခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ခြောက်ပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်သာရရှိခဲ့ပြီး ရမှတ်ခုနစ်မှတ်ဖြင့်အမှတ်ပေးဇယားအဆင့်(၆)နေရာ၌ ရပ်တည်နေသဖြင့် ခြေစစ်ပွဲအောင်မြင်ရန်ရှုန်းကန်ရမည့် အခြေအနေဖြစ်နေသောကြောင့် ဘရာဇီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရိုဒရီဂက်စ်က ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးဘောလုံးအဖွဲ့ချုပ်သည် ဆာပေါ်လိုအသင်းနည်းပြ ဒိုရီဗယ်ကိုခန့်အပ်ရန် ကြိုးပမ်းနေသော်လည်း စာချုပ်ဖျက်သိမ်းကြေး အမေရိကန်ဒေါ်လာ ၉၂၀၀၀၀ ထိပေးချေရဖွယ်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

Ref : Xinhua

Trs : ML



## ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း တိုက်စစ်မှူးဖာမီနို ပြောကြား

ရီယာ့ဒ် ဇန်နဝါရီ ၆

ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်းတွင် ကစားနေသည့် တိုက်စစ်မှူးဖာမီနိုက အသင်းတွင် ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် ထွက်ခွာရန်ဆန္ဒရှိနေပြီး ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဖာမီနိုသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက လီဗာပူးအသင်းမှ အယ်အာလီအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် အသင်းနှင့်ပွဲဦးထွက်ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံ ၁၀ ပွဲဆက်ထိ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်များတွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရာ ဂိုးသွင်းယူနိုင်ခြင်းမရှိတော့ဘဲ ဂိုးဖန်တီးမှုသုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲကစားခွင့်လျော့နည်းခဲ့ကြောင်း သိရသည်။

ထို့နောက် ၎င်းသည်နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံကိုးပွဲဆက်တွင် လူစားဝင်ကစားသမားအဖြစ် သာပါဝင်ခဲ့ရပြီး ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သောကြောင့် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် ဖူလ်ဟမ်အသင်း၊ နော်တင်ဟမ်အသင်းနှင့်ရှက်ဖီးလ်(ဟ)အသင်းတို့က ဆော်ဒီပရိုလိဂ်မှထွက်ခွာရန် ပြင်ဆင်နေသည့် ဖာမီနိုကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေသည့်အပြင် ဘရာဇီးကလပ် အသင်းများနှင့် တူရကီယဲကလပ် အသင်းများကလည်း ၎င်းကိုခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



Ref : Xinhua

Trs : ML

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ခံစစ်ကစားသမားအာရှူဂျိုကို ရောင်းချရန် ဆန္ဒမရှိသော်လည်း ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ထိတိုးမြှင့်၍ ကမ်းလှမ်းမှုပြုလုပ်ရန် ထပ်မံဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- စပါးအသင်းက တိုက်စစ်မှူးတီမိုဝါနာကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး စတာလင်ပေါင် ၁၇ သန်းဝန်းကျင်ဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိခဲ့ကြောင်း သိရသည်။ ML

### အီတလီစီးရီးအေ ပွဲစဉ် (၁၉) ရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၁ | ဗီရိုနာ |
| ဖရိုစီဝမ်း | ၂ | - | ၃ | မွန်ဇာ |

### စပိန်ကိုပါဒယ်ရေးဖလား ရလဒ်

| | | | | |
|---|---|---|---|---|
| လူဂို | ၁ | - | ၃ | အေတီကို |
| အက်စ်ပန်ညို | ၀ | - | ၁ | ဂီတာဖေး |

(၀၄၀)

## ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းတည်းတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် တိုက်စစ်မှူးဆာလာဟ် ထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဇန်နဝါရီ ၆

လက်ရှိ ပရီးမီးယားလိဂ်တွင် ကစားနေသည့် ကစားသမားများထဲတွင် ကလပ်အသင်းတစ်သင်းထဲ၌ ပရီးမီးယားလိဂ် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်ကထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။



လီဗာပူးအသင်း တိုက်စစ်မှူးဆာလာဟ်သည် ၂၀၁၇ ခုနှစ်က အသင်းသို့ စတင်ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃၂ ပွဲပါဝင်ကစားခဲ့ရာ ပရီးမီးယားလိဂ် သွင်းဂိုး ၁၅၁ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်တွင် ကစားနေသည့် ကစားသမားများထဲတွင် သွင်းဂိုး ၁၅၀ ကျော်သည့် နောက်ဆုံးကစားသမားတစ်ဦးဖြစ်လာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ဘောလုံးသမိုင်းတွင် သွင်းဂိုးအများဆုံးကစားသမားများအဖြစ် စပါးတိုက်စစ်မှူးဟောင်း ဟယ်ရီကိန်းက သွင်းဂိုး ၂၁၃ ဂိုးဖြင့် အဆင့်(၁)၊ မန်စီးတီးအသင်း တိုက်စစ်မှူးဟောင်း အဂူရိုက သွင်းဂိုး ၁၈၄ ဂိုးဖြင့် အဆင့်(၂)၊ မန်ယူအသင်းတိုက်စစ်မှူးဟောင်း ရွန်းနီက သွင်းဂိုး ၁၈၃ ဂိုးဖြင့် အဆင့်(၃)၊ အာဆင်နယ်အသင်းတိုက်စစ်မှူးဟောင်း ဟင်နရီက သွင်းဂိုး ၁၇၅ ဂိုးဖြင့် အဆင့်(၄)၊ လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာဟ်က သွင်းဂိုး ၁၅၁ ဂိုးဖြင့် အဆင့်(၅) တွင်ရပ်တည်နိုင်ခဲ့သည်။

၎င်းနောက်တွင် နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားက အဆင့်(၆)၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်က အဆင့်(၇)၊ လက်စတာအသင်း တိုက်စစ်မှူး ဗာဒီက အဆင့်(၈)၊ လီဗာပူးအသင်း ကစားသမားဟောင်း ရော်ဘီဖောင်လာက အဆင့်(၉)၊ လီဗာပူးအသင်း ကစားသမားဟောင်း ဂျရတ်က အဆင့်(၁၀)တွင် ရပ်တည်လျက်ရှိသည်။

အဆိုပါ ကစားသမားများထဲတွင် ပရီးမီးယားလိဂ်၌ ကစားနေသည့်ကစားသမားမှာ ဆာလာဟ်တစ်ဦးတည်းရှိနေပြီး ၎င်းအနေဖြင့် လက်ရှိကစားနေသည့်ကစားသမားများထဲတွင် သွင်းဂိုးအများဆုံး အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လူတွေ့စစ်ဆေးခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းရှိ Cluster-7 ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ အားကစားနှင့်ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ၊ အားကစားဆေးဘက်ဌာနခွဲ၊မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊နည်းပြများကပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်ဆိုင်ရာ ကိစ္စရပ်များ၊ စားသောက် တည်းခိုနေထိုင်ရေး၊ မော်တော်ယာဉ်(ကြိုပို့) ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် ကစားသမားများကို လူတွေ့စစ်ဆေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဂျူဒိုပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း ပြိုင်ပွဲဝင်ကစားသမား စုစုပေါင်း ၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# FIFA-MFF U17 Youth League ပြိုင်ပွဲတွင် အသက်စစ်ဆေးမှုကျရှုံးသည့်ကစားသမား လေးဦးကို ပြိုင်ပွဲမှထုတ်ပယ်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း(၁)တို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ စတင်ကာကျင်းပလျက်ရှိသည့် FIFA-MFF U17 Youth League ပြိုင်ပွဲတွင် အသက်စစ်ဆေးမှုကျရှုံးသည့် ကစားသမားလေးဦးကို ပြိုင်ပွဲမှထုတ်ပယ်ခဲ့ပြီး သက်ဆိုင်ရာ ကလပ်အသင်းများ၏ ရလဒ်များကိုလည်း ပယ်ဖျက်၍ အရေးယူမှုပြုလုပ်ခဲ့သည်။

လူငယ်ပြိုင်ပွဲများ အသက်စိစစ်ရေးအဖွဲ့က ပြိုင်ပွဲဝင်ကလပ်အသင်းများနှင့် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများကိုခေါ်ယူ၍ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် သံသယဖြစ်ဖွယ်ကစားသမားများကို ထပ်မံဆေးစစ်မှုများနှင့်လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီထံသို့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ဆက်လက်ပေးပို့တင်ပြခဲ့ပြီး အရေးယူမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အသက်စစ်ဆေးမှုကျရှုံးသည့် Shwe Pyi Thar FC အသင်း၊ Phar Si Myay FC အသင်း၊ Burmese Youth FC အသင်းနှင့် Artharwady FC အသင်းမှ ကစားသမားတစ်ဦးစီကို ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက သက်ဆိုင်ရာအသင်း အုပ်ချုပ်သူနည်းပြအဖွဲ့ဝင်များကို နောက်နောင်ပြိုင်ပွဲများတွင် အလားတူမဖြစ်စေရန်သတိပေးမှုပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်က ကစားခဲ့သည့် ပွဲစဉ်(၁)နှင့် ပွဲစဉ်(၂)တို့တွင် အနိုင်ရရှိထားသော Phar Si Myay FC အသင်းနှင့် Artharwady FC တို့ပွဲစဉ် အနိုင်ရလဒ်များကိုပယ်ဖျက်သည့်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ **STA**

# The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမား စကော့တီရှက်ဖလာ ဦးဆောင်



**ကာပါလူအာ ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် ကာပါလူအာမြို့တွင် ကျင်းပနေသည့် The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား တိုင်ရယ်ဟက်တန်၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရန်ဒန်တော့ဒ်၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ဆန်ဂျေအင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

စကော့တီရှက်ဖလာက ဒုတိယနေ့တွင် Birdies ရိုက်ချက်ရရှိခဲ့သည့် ကျင်း ခုနစ်ကျင်းထိရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် ဆာဟစ်တီဂါလာသည် ဒုတိယနေ့တွင် သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သည့် အတွက်ကြောင့် အမှတ်ပေးဇယား၏ အဆင့်(၉) နေရာသို့ ရောက်ရှိခဲ့ရသည်။

စကော့တီရှက်ဖလာသည် ၂၀၂၃ ခုနှစ် PGA Tour ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လက်ခံရရှိခဲ့ပြီးနောက် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်ပြီး ဒုတိယနေ့ထိ ပုံစံကောင်းရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Brisbane International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဆာဘာလင်ကာနှင့် ရိုင်ဘာကီနာတို့တက်ရောက်

**ဘရစ္စဘိန်း ဇန်နဝါရီ ၆**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုပြိုင်ပွဲအနေဖြင့် Brisbane International တင်းနစ်ပြိုင်ပွဲ ကျင်းပလျက်ရှိရာ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ဗိုလ်လုပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံနေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် တစ်ဦးပင်ဖြစ်သည့် အဇာရင်ခါနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆာဘာလင်ကာက (၆-၂၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် လင်ဒါနိုစကိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ရိုင်ဘာကီနာက(၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

Brisbane International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သည် ကမ္ဘာ့အဆင့်(၂)နေရာတွင်ရပ်တည်နေသည့် တင်းနစ်မယ်နှင့် ကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် တင်းနစ်မယ်တို့အကြား ယှဉ်ပြိုင်ကစားရမည့် ပြိုင်ပွဲဖြစ်သည့်အတွက်ကြောင့် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာနိုင်သလို လက်ရှိအမျိုးသမီးတင်းနစ်လောက၏ ထိပ်တန်းတင်းနစ်မယ်များယှဉ်ပြိုင်သည့် ပွဲစဉ်ဖြစ်သည့်အတွက် ပရိသတ်များက စိတ်ဝင်စားနေသည်။

ရိုင်ဘာကီနာက "Brisbane International တင်းနစ်ပြိုင်ပွဲမှာ ဒီလောက်ထိကောင်းအောင်ကစားနိုင်လိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ခဲ့ဘူး။နှစ်တစ်နှစ်ရဲ့ပွဲဦးထွက်ပြိုင်ပွဲမှာ အခုလိုအကောင်းဆုံးစွမ်းဆောင်ရည်နဲ့ကစားနိုင်ခဲ့တာကို ဝမ်းသာဝုဏ်ယူမိပါတယ်။ အကြိတ်အနယ်ရှိနိုင်သလို ကျွန်မအတွက်ရာသီအဖွင့်မှာ အခက်အခဲဆုံးပွဲစဉ်တစ်ပွဲကို ရင်ဆိုင်သွားရမဲ့အခြေအနေလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ကလပ်ပေါင်းစုံကြက်တောင်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ကကြီးမှူးပြီး ၂၀၂၄ ခုနှစ် ကလပ်ပေါင်းစုံကြက်တောင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ကလပ်ပေါင်းစုံ ကြက်တောင်ပြိုင်ပွဲတွင် သက်ကြီးတန်း နှစ်ယောက်တွဲ (နှစ်ယောက်ပေါင်း အသက် ၇၀ နှစ်နှင့်အထက်)ပြိုင်ပွဲ၊ သက်ကြီးတန်းနှစ်ယောက်တွဲ (နှစ်ယောက်ပေါင်း အသက် ၉၀ နှစ်နှင့်အထက်)ပြိုင်ပွဲ၊ သက်ကြီးတန်းနှစ်ယောက်တွဲ (နှစ်ယောက်ပေါင်း အသက် ၁၀၀ နှစ်နှင့်အထက်)ပြိုင်ပွဲ၊ သက်ကြီးတန်းနှစ်ယောက်တွဲ (နှစ်ယောက်ပေါင်းအသက် ၁၁၀ နှစ်နှင့်အထက်)ပြိုင်ပွဲ၊ သာမန်တန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲကိုအုပ်စုခွဲပြီး အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ကစားသမားတစ်ဦးလျှင် ပြိုင်ပွဲအမျိုးအစားနှစ်ခုတွင် ကစားနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများ အနေဖြင့် တူညီဝတ်စုံဖြင့်ကစားသွားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ကြေးအဖြစ် ကလပ်အသင်းတစ်သင်းလျှင် ငွေကျပ် ၅၀၀၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ရုံး၌ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**STA**

## အင်္ဂလန် အက်ဖ်အေဖလားရလဒ်

| | | | |
|---|---|---|---|
| မီဝေါလ် | ၂ - ၃ | လက်စတာ | |
| ဆန်းဒါးလန်း | ၀ - ၃ | နယူးကာဆယ် | |
| ဟူးလ်စီးတီး | ၁ - ၁ | ဘာမင်ဂမ် | |
| ကျူပီအာ | ၂ - ၃ | ဘုန်းမောက် | |
| စတုတ် | ၂ - ၄ | ဘရိုက်တန် | |
| ဆောက်သမ်တန် | ၄ - ၀ | ဝါဆော | (၀၄၀) |

# လွှတ်တော်ကိုယ်စားလှယ်များလျှောက်လှမ်းရမည့် နိုင်ငံရေးခရီး

**မောင်ရွှေရိုး**

**ယမန်နေ့မှအဆက်**

ကမ္ဘောဒီးယားနိုင်ငံတွင် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော် (Senate)ဟူ၍ လွှတ်တော် (၂)ရပ်ရှိပါသည်။ အောက်လွှတ်တော်တွင် ဥပဒေများ ပြင်ဆင်ချမှတ်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် အခွန်အခများ၊ အုပ်ချုပ်ရေးဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ ညီလာခံများကို အတည်ပြုခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်သည်။ ၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇)၊ ပုဒ်မ ၇၆ အရ အမျိုးသားလွှတ်တော်(National Assembly)၏ ကိုယ်စားလှယ် အရည်အချင်း သတ်မှတ်ချက်မှာ ကမ္ဘောဒီးယားနိုင်ငံတွင် မွေးဖွားသော ခမာလူမျိုးများဖြစ်၍ အနည်းဆုံး အသက် (၂၅) နှစ်ပြည့်ပြီးသူဖြစ်ရမည်။ Communes နှင့် Sang-kats အုပ်ချုပ်ရေးနယ်မြေများအတွက် ကျား၊ မ မရွေး ကမ္ဘောဒီးယားနိုင်ငံသားဖြစ်၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အမည်စာရင်းပါဝင်ရမည်။ မဲပေးချိန် မတိုင်မီ အသက် (၂၅)နှစ်ပြည့်ပြီးသူများဖြစ်ရမည်။

ဂျပန်နိုင်ငံတွင် ဒိုင်းယက်လွှတ်တော် (Diet)သည် အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ဒိုင်းယက်လွှတ်တော်တွင် အောက်လွှတ်တော် (Shugi-in) နှင့် အထက်လွှတ်တော် (Sangi- In) ဟူ၍ လွှတ်တော်(၂) ရပ်ရှိပါသည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၄)၊ ပုဒ်မ ၄၄ အရ လွှတ်တော် (၂) ရပ်စလုံးတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏အရည်အချင်းကို ဥပဒေအရ သတ်မှတ်ထားသည်။ အောက်လွှတ်တော်နှင့် ဒေသန္တရလွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အသက်ကန့်သတ်ချက်မှာ (၂၅)နှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် စီရင်စုမြို့တော်ဝန်များ၏ အသက်ကန့်သတ်ချက်မှာ (၃၀) နှစ်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဂျပန်ယန်းသုံးသန်း ပေးသွင်းရပြီး PR စနစ်အတွက် ဂျပန်ယန်းခြောက်သန်း တင်သွင်းရပါသည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်တွင် အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (House Of Representatives) ဟူ၍ လွှတ်တော် (၂) ရပ်ရှိပါသည်။ အထက်လွှတ်တော် ရွေးကောက်ပွဲကို (၂) နှစ် တစ်ကြိမ်ပြုလုပ်၍ ကိုယ်စားလှယ်သုံးပုံတစ်ပုံရွေးချယ်သောစနစ်ကို ကျင့်သုံးပါသည်။ အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် (၁) ပုဒ်မ (၃)အရ အထက်လွှတ်တော် (Senate) ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ချက်မှာ အသက် (၃၀)နှစ်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပချိန်တွင် အမေရိကန်နိုင်ငံသားအဖြစ် အမေရိကန်နိုင်ငံတွင် (၉)နှစ်ကြာ နေထိုင်သူဖြစ်ရမည့်အပြင် ရွေးကောက်တင်မြှောက်မည့်နယ်မြေတွင်လည်း အမှန်တကယ်နေထိုင်သူဖြစ်ရမည်။ အောက်လွှတ်တော် (House Of Representatives) ၏ ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်မှာ အသက် (၂၅)နှစ်ပြည့်ပြီးသူ အမေရိကန်နိုင်ငံတွင် အမေရိကန်နိုင်ငံသားအဖြစ် (၇)နှစ်ကြာ နေထိုင်သူဖြစ်ရမည်။

ရုရှားနိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ချက်များမှာ ရုရှားနိုင်ငံ၏ဖက်ဒရယ်လွှတ်တော် (Federal Assembly) တွင် အထက်လွှတ်တော်ဖက်ဒရယ်ကောင်စီ (Federal Council) နှင့် အောက်လွှတ်တော် (State Duma) ဟူ၍ လွှတ်တော် (၂) ရပ်ရှိပါသည်။ အထက်လွှတ်တော် ဖက်ဒရယ်ကောင်စီအား တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ် (၈၅)ခုမှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင်တစ်ဦးနှင့် ဥပဒေပြုအဖွဲ့ဝင်တစ်ဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အောက်လွှတ်တော် (State Duma) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်များမှာ အသက် (၂၁)နှစ်ပြည့်ပြီး ရုရှားနိုင်ငံသားဖြစ်ရမည်။ လူတစ်ဦးတည်းသည် ဖက်ဒရယ်ကောင်စီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် တစ်ပြိုင်နက်တည်းမဖြစ်ရ။ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းသည် အခြားအစိုးရအဖွဲ့အစည်းများနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်မဖြစ်ရ။

တောင်ကိုရီးယားနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်သည့် လွှတ်တော်တစ်ရပ်သာရှိသည်။ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းသတ်မှတ်ချက်များမှာ အသက် (၂၅) နှစ်ပြည့်သူဖြစ်ပြီး နိုင်ငံအတွင်း ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး(၅)နှစ်ကြာ အခြေချနေထိုင်ခဲ့ဖူးသူ တောင်ကိုရီးယားနိုင်ငံသားများသည် လွှတ်တော် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိပါသည်။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၁၂၀ အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ချက်မှာ အသက် (၂၅) နှစ်ပြည့်ပြီးသူ၊ နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနည်းဆုံး (၁၀) နှစ် အခြေချနေထိုင်ခဲ့သူ၊ **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ**တို့ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၂ အရ အသက် (၃၀)နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။

**ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို သတ်မှတ်ခဲ့ရာ ဘွဲ့ရဖြစ်ရန်လိုအပ်သည့် အချို့နိုင်ငံများမှာ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ကင်ညာ၊ ဘူတန်၊ အီရန်၊ လစ်ဗျား၊ အိုမန်၊ မိန့်လူ့စီကာ၊ ဇင်ကာပူနှင့် ဂမ်ဘီယာနိုင်ငံတို့ဖြစ်ကြောင်း သိရှိရသည်။** အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘွဲ့ရပညာတတ်များဖြစ်ကြပြီး အောက်လွှတ်တော် (၁၉)နေရာတွင်လည်း ဘွဲ့ရရှိထားသူများဖြစ်ကြောင်း သိရှိရပါသည်။ ဗြိတိန်နိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ် (၆၄၉) ဦးနှင့် ဖွဲ့စည်းထားရှိသော အောက်လွှတ်တော်၌ (၈၄) ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များသည် ဘွဲ့ရရှိသူများဖြစ်၍ ကျန် (၁၂၆)ဦးသည် ဘွဲ့လွန်ဒီဂရီရရှိထားသူများဖြစ်ကြပါသည်။ အခြားနိုင်ငံများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေသတ်မှတ်ချက်များမှာ ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ထိုင်းဘတ် (၁၀၀၀၀)၊ စင်ကာပူနိုင်ငံတွင် စင်ကာပူဒေါ်လာ (၁၃၅၀၀)၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘောဒီးယားရီယယ်သိန်း (၁၅၀)၊ မလေးရှားနိုင်ငံတွင် မလေးရှားရင်းဂစ် (၅၀၀၀)၊ အိန္ဒိယနိုင်ငံတွင် အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ရူပီး (၂၅၀၀၀)၊ ပြည်နယ်လွှတ်တော်အတွက် ရူပီး (၁၀၀၀၀)၊ ဂျပန်နိုင်ငံတွင် ယန်း (၃)သန်း၊ ဩစတြေးလျနိုင်ငံတွင် ဒေါ်လာ (၁၀၀၀)၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့တွင် ပေါင် (၅၀၀)စီ သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ လွှတ်တော်သက်တမ်း (၂)ခုအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (၃၂၅)ဦးတွင် ဘွဲ့လွန် (၈) ဦး၊ ဘွဲ့ရ (၂၅၁)ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင် (၃၈)ဦး၊ တက္ကသိုလ်ဝင်တန်းအောက်(၂၈)ဦး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၂၅)ဦးတွင် ဘွဲ့လွန် (၅)ဦး၊ ဘွဲ့ရ (၂၆၂)ဦး၊ တက္ကသိုလ်ဝင်တန်းအောင် (၃၆)ဦး၊ တက္ကသိုလ်ဝင်တန်းအောက် (၂၂)ဦးဖြစ်သည်။ ပထမအကြိမ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၈)ဦးတွင် ဘွဲ့လွန်(၃)ဦး၊ ဘွဲ့ရ (၁၃၂)ဦး၊ တက္ကသိုလ်ဝင်တန်းအောင် (၁၉)ဦး၊ တက္ကသိုလ်ဝင်တန်းအောက် (၁၄) ဦး၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၈)ဦးတွင် ဘွဲ့လွန် (၁) ဦး၊ ဘွဲ့ရ (၁၄၈)ဦး၊ တက္ကသိုလ်ဝင်တန်းအောင် (၁၂)ဦး၊ တက္ကသိုလ်ဝင်တန်းအောက် (၇) ဦးတို့ဖြစ်သည်။ သို့ဖြစ်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ (၄၂) ဦးနှင့် ဘွဲ့မရသူ (၉၉) ဦးပါဝင်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ (၂၉) ဦးနှင့် ဘွဲ့မရသူ (၇၇) ဦးပါဝင်ခဲ့သည်ကို** လေ့လာတွေ့ရှိရပါသည်။ ရွေးကောက်ပွဲအာမခံငွေသတ်မှတ်ချက်များအနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၇ အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး (၅)သိန်းသတ်မှတ်ထားရှိပြီး ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးငွေ (၃)သိန်းပြင်ဆင်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်များကို လေ့လာရာတွင် လွှတ်တော် (၂) ရပ်ရှိသော နိုင်ငံများတွင် လွှတ်တော်များ၏ သက်တမ်းမတူညီသည်ကိုတွေ့ရှိရပြီး အထက်လွှတ်တော်များ၏သက်တမ်းမှာ ပို၍ရှည်ကြာသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်များကိုလည်း အောက်လွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုကန့်သတ်ထားရှိပါသည်။ များသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းကန့်သတ်သည်ဖြစ်စေ၊ မကန့်သတ်သည်ဖြစ်စေ ဘွဲ့ရပညာတတ်များ၏ ကိုယ်စားလှယ်အရေအတွက်များပြားသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏အရည်အချင်းများကို မိမိနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီအောင်ပြဋ္ဌာန်းခဲ့ကြပါသည်။

**နိဂုံး**

**မြန်မာနိုင်ငံ၏လျှောက်လှမ်းခဲ့ရသည့် နိုင်ငံရေးခရီးလမ်းက ကြမ်းတမ်းခဲ့ပါသည်။ ဆက်လက်လျှောက်လှမ်းရမည့်ခရီးအတွက် အရည်အချင်းပြည့်မီသော လွှတ်တော်ကိုယ်စားလှယ် လူတော်လူကောင်းများရရှိရေးမှာ အရေးကြီးသောလိုအပ်ချက်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းများကို ဖြစ်သင့်ဖြစ်ထိုက်သော ပညာအရည်အချင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များပါဝင်နိုင်မှု၊ ရွေးကောက်ပွဲအာမခံကြေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အခြေချနေထိုင်သူဖြစ်ရန်တို့ကို သတ်မှတ်ချက်များ ထားရှိရန်လိုအပ်ပါသည်။** ထို့ပြင် အကျင့်စာရိတ္တ၊ ဥစ္စာခနှင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ရှိရမည့်အပြင် နိုင်ငံအတွက် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စောင့်ကြည့်ထိန်းညှိသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာဆောင်ရွက်နိုင်စွမ်းရှိရပါမည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်၍ လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရသဖြင့် နိုင်ငံ့ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက်ရှိပါသည်။ ဒီမိုကရေစီအစိုးရများသည် မိမိတို့ဆောင်ရွက်လိုသည်များကို ဥပဒေပြဋ္ဌာန်း၍ ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရပေသည်။ သို့ဖြစ်၍ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်စေမည့် ဥပဒေများကိုပြဋ္ဌာန်းရန် အဓိကတာဝန်ဖြစ်လာပါသည်။ တာဝန်ခံတာဝန်ယူမှုရှိသော တာဝန်ကျေပွန်သော လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ မူဝါဒများ၊

❖ တာဝန်ခံတာဝန်ယူမှုရှိသော တာဝန်ကျေပွန်သော လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ မူဝါဒများ၊ ဥပဒေများအပေါ် နားလည်သဘောပေါက်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ အတည်ပြုပြဋ္ဌာန်းနိုင်စွမ်းနှင့် ခေတ်နှင့်မလျော်ညီသောဥပဒေများကို အစားထိုးပယ်ဖျက်ဆောင်ရွက်နိုင်စွမ်း စသည့်အရည်အချင်းကောင်းများ ရှိကြရမည်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဒေသတွင်းလတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ ပထဝီနိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစိန်ခေါ်မှုများနှင့် ကပ်ရောဂါအတွေ့အကြုံများကို နားလည်နိုင်စွမ်းရှိသော ဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်စွမ်းရှိသော အရည်အချင်းနှင့်ပြည့်စုံသည့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ကြရန်လိုအပ်ပါသည်။ ❖

စာမျက်နှာ ၁၁ သို့ ➤

# အဆိုတော် ဒေါ်ဥမ္မာနှင့် ခင်ရတနာစိုးတို့၏ မဟာကုသိုလ်သီချင်း MV ထွက်ရှိ




**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာသံအဆိုတော် ဒေါ်ဥမ္မာနှင့် ခင်ရတနာစိုးတို့၏ မဟာကုသိုလ်တေးသီချင်း Music Video(MV) ဇန်နဝါရီ ၅ ရက်က ထွက်ရှိခဲ့ကြောင်း အဆိုတော် ခင်ရတနာစိုးက ပြောပြ၍ သိရသည်။

အဆိုပါ မဟာကုသိုလ် တေးသီချင်းကို တေးရေး သဟာအောင်က ရေးသားပေးထားပြီး အဆိုတော် ခင်ရတနာစိုးနှင့် မိခင်ဖြစ်သူ ဒေါ်ဥမ္မာတို့က သီဆိုထားခြင်းဖြစ်ကြောင်း၊ အဆိုပါသီချင်းတေးသရုပ်ဖော်ကို ဒါရိုက်တာ Kina က ရိုက်ကူးထားကြောင်း သိရသည်။

"ညီမက လူငယ်တစ်ယောက်ဆိုပေမဲ့ မြန်မာမှုမြန်မာဟန်လေး ထိန်းသိမ်းချင်တဲ့အနေနဲ့ အလှူသီချင်းလေး ထုတ်ဖြစ်လိုက်တာပါ။ ညီမရဲ့မေမေကလဲ အသံကောင်းပြီး ပါရမီလဲရှိပြီးသား။ သူ့ဘဝကငယ်ငယ်ကတည်းက ကိုယ်ပိုင်သီချင်းရယ်လို့ မရှိခဲ့ဘူး။ ဒါကြောင့် မေမေ့ကို ပွဲထုတ်ပြီး မေမေနဲ့ညီမအတူ အလှူသီချင်းလေးလုပ်ဖြစ်ခဲ့တာပါ။ ချွေးနဲ့စာနဲ့လှူတာဘယ်လိုလှူလှူ တင့်တယ်ပါတယ်ဆိုတာကို သဟာအောင်က ရေးစပ်ပေးထားတာပါ"ဟု အဆိုတော် ခင်ရတနာစိုးက ပြောပြသည်။

အဆိုတော် ခင်ရတနာစိုးက မြန်မာသံတေးသီချင်းနှင့် ခေတ်ပေါ်တေးသီချင်းများပါဝင်သည့် တေးစီးရီးထွက်ရှိရန် စီစဉ်လျက်ရှိပြီး အဆိုပါတေးစီးရီးတွင် ကိုယ်ပိုင်သံစဉ်တေးသီချင်းများ အများဆုံးပါဝင်ကြောင်း သိရသည်။ ASH

# Minecraft ဇာတ်ကားတွင် မင်းသား ဂျက်ဘလက် ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Minecraft ဇာတ်ကားတွင် မင်းသား ဂျက်ဘလက်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျက်ဘလက်သည် မင်းသား ဂျေဆင်မိုမိုအာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် မင်းသား ဂျက်ဘလက်ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာနှင့်ပတ်သက်၍ မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် ဗီဒီယိုဂိမ်းတစ်ခုဖြစ်သော Minecraft ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် Minecraft ဇာတ်ကားကို စတင်ရိုက်ကူးရန် စီစဉ်ထားသည်။

Minecraft ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# ကာရန်လွဲမေတ္တာဇာတ်လမ်းတွဲ Season-2 ကို ဇန်နဝါရီ ၈ ရက်တွင် MRTV-4 မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၆**

Niyyayana Entertainment က ရိုက်ကူးထုတ်လုပ်သည့် ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲ Season-2 ကို ဇန်နဝါရီ ၈ ရက်တွင် MRTV-4 မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုကိုဝင်းက ပြောပြ၍ သိရသည်။

ကာရန်လွဲမေတ္တာဇာတ်လမ်းတွဲ Season-2 သည် စာရေးဆရာမကြီး နေနွယ်ဇင်မြင့်၏ အောင်မြင်ကျော်ကြားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် အဆိပ်သင့်မေမေဝတ္ထုကို ကျောရိုးယူကာ အေးကြည်သာဟန်၊ မယ်မင်းဘုံနှင့် ကျော်ကျော်ထွန်းတို့က ဇာတ်လမ်းဖြည့်စွက်ပြီး ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ကြောင်း သိရသည်။

"ကာရန်လွဲမေတ္တာ Season-1 ရိုက်ကူးစဉ်ကတည်းက Season-2 ကို ဆက်လက်ရိုက်ကူးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒုတိယပိုင်း Season-2 က Season-1 ကို ရေးသားခဲ့တဲ့ စာရေးဆရာမကြီး နေနွယ်ဇင်မြင့်ရဲ့ဇာတ်လမ်းကို ကျောရိုးယူထားတာဖြစ်တဲ့အတွက် Season-1 ထက်ပိုပြီးတော့ စိတ်ဝင်စားအောင်၊ ပိုပြီးတော့ ကြိုးစားထားပါတယ်။ အခြေအနေအရ အဓိကဇာတ်ဆောင်တချို့ကို အပြောင်းအလဲလုပ်လိုက်ရပေမဲ့ ဝါရင့်သရုပ်ဆောင်တော်တော်များများကို ဖြည့်စွက်ပြီးတော့ ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ ကိုကိုဝင်းက ပြောပြသည်။




အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မိုးသူရ၊ မေမြင့်မိုရ်၊ ဂရိတ်ချန်း၊ နေလင်းရှိန်း၊ ဖြိုးရာဇာနိုင်တို့နှင့်အတူ ရဲအောင်၊ မင်းဦး၊ ချိုပြုံး၊ မေသန်းနု၊ သန်းသန်းစိုး၊ မင်းသူ စသည့် အနုပညာရှင်များစွာက ပံ့ပိုးပါဝင်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

ASH

# Thunderbolts ဇာတ်ကားမှ မင်းသား စတီဗင်ယွန် နုတ်ထွက်

**နယူးယောက် ဇန်နဝါရီ ၆**

မာဗယ်စတူဒီယို၏ Thunderbolts ဇာတ်ကားမှ Beef မင်းသား စတီဗင်ယွန် နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

မင်းသား စတီဗင်ယွန်သည် မူလက Thunderbolts ဇာတ်ကားတွင် Sentry ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ရန် မူလက စီစဉ်ထားသည်။

ဟောလိဝုဒ်ရုပ်ရှင်လောကသားများ၏ ဆန္ဒပြပွဲများကြောင့် Thunderbolts ဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ ကြန့်ကြာနေမှုသည် အဆိုပါဇာတ်ကားမှ မင်းသား စတီဗင်ယွန် နုတ်ထွက်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် မူလက Thunderbolts ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

သို့ရာတွင် ဟောလိဝုဒ်ရုပ်ရှင်လောကသားများ၏ ဆန္ဒပြပွဲများကြောင့် မာဗယ်စတူဒီယိုသည် Thunderbolts ဇာတ်ကားရုံတင်ရက်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လထိ တစ်နှစ်ရွှေ့ဆိုင်းခဲ့ရသည်။

Thunderbolts ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်ရာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




➤ စာမျက်နှာ ၁၀ မှအဆက်

ဥပဒေများအပေါ် နားလည်သဘောပေါက်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း ၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ အတည်ပြုပြဋ္ဌာန်းနိုင်စွမ်းနှင့် ခေတ်နှင့်မလျော်ညီသောဥပဒေများကို အစားထိုးပယ်ဖျက်ဆောင်ရွက်နိုင်စွမ်း စသည့်အရည်အချင်းကောင်းများရှိကြရမည်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဒေသတွင်းလက်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ ပထဝီနိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကပ်ရောဂါအတွေ့အကြုံများကို နားလည်နိုင်စွမ်းရှိသော ဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်စွမ်းရှိသော အရည်အချင်းနှင့်ပြည့်စုံသည့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ကြရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်မီသောကိုယ်စားလှယ်လောင်းများကို လေ့ကျင့်မွေးထုတ်ရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံ့တာဝန်ကိုအမှန်တကယ်ထမ်းဆောင်နိုင်မည့် လွှတ်တော်အမတ်များ၏အရည်အချင်းကို ကြည့်ရှုလေ့လာ၍ ရွေးချယ်ကြရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**

(၁) မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း
(၂) ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန်
(၃) ဒီမိုကရေစီဒုတိယခေတ်နှင့်မြန်မာနိုင်ငံ
(၄) နိုင်ငံရေးနှင့်နိုင်ငံရေးပါတီ
(၅) မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများ
(၆) မြန်မာ့နိုင်ငံရေး (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)
(၇) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
(၈) ကမ္ဘာ့နိုင်ငံအချို့၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအားလေ့လာခြင်းစာတမ်း
(၉) ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များစာတမ်း
(၁၀) ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များစာတမ်း

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially meets officials of registered political parties

# Party members should be the core of their own party and also of democracy



Senior General Min Aung Hlaing gives a speech in meeting with officials from registered political parties.

**Nay Pyi Taw January 6**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially met officials of the registered political parties at Ngu Shwewa Hall of his office here this morning.

Also present were Secretary Lt-Gen Aung Lin Dway, Joint Secretary Lt-Gen Ye Win Oo, Union Minister for Legal Affairs Dr Thida Oo, Union Election Commission Chair U Thein Soe, legal advisers, UEC members, and chairs, vice-chairs and officials of 39 registered political parties.

In his discussion, the Senior General said Tatmadaw had to assume the State duties inevitably in accord with the 2008 Constitution because of the vote rigging that occurred during the 2020 multiparty general election. Repeated demands to correct the erroneous voter lists were unattended. A flawed voter list is unacceptable in an election. Hence, Tatmadaw had to declare a State of emergency and assume the State duties.

The incumbent government's ultimate goal is to hold a free and fair election and transfer the State duties to the party that wins the election. But the attempts to solve the political problem through violent means instead of political means had led to the outbreak of armed conflicts in the country. During the time, the country was facing the Covid-19 pandemic and a drop in economy. Hence, the Senior General played the leading role in conducting Covid-19 prevention, control and treatment undertakings in the country, and also made strenuous efforts to promote the national economy.

At the same time, EAOs had taken the situation as an advantage and magnified their terrorist acts. Till now, clashes can be seen in some places. In cooperation with Myanmar Police Force and with the force of the people, the Tatmadaw is trying to eliminate terrorist attacks with energetic efforts.

The final point of the adopted roadmap says, **"Upon accomplishing the provisions of the state of emergency, free and fair multiparty democratic elections will be held in line with the 2008 Constitution, and further work will be undertaken to hand over State duties to the winning party in accordance with democratic standards"**. As the previous government held an inglorious election, SAC is making preparations in all sectors to hold a dignified election.

All the parties present here are believed to be the ones who have trust in and accept democracy. All the members of a party should be the core force of the party and democracy that knows how to effectively use the party's strength in the nation's interest. Moreover, they must take part in ensuring national peace and stability. The country regained independence 76 years ago. Some of the independent countries of the world are peaceful and stable, but some are not. Peace and stability will bring national progress. People of the nation should work with unity for national development and solve all disagreements through peaceful means.

The entire nation needs peace and stability to install democracy. Inclusive public security system will ensure peace and stability. The country faced some losses and the people also faced loss of life and property due to the terrorist attacks of PDF terrorist group that appeared in the later periods of 2021. Political parties must know the disagreements and weaknesses and should systematically adopt firm and specific policies and goals.

SAC has adopted the political vision, the national vision, the roadmap, and objectives and is striving for political, economic and social progress. It is also providing support for the MSME development which also calls for involvement of the parties. They should also take part in ensuring all school age children attend classes and employment for all people who can work. Education will widen the scope of knowledge of school age children who pursue education. Party members must take part in ensuring educational opportunities for every school age child in the country.

All parties that will take part in the coming election are likely to strive for region-wise development of education, economic and social sectors. The government is conducting a population and housing census that is an election pre-process. As the census conducted by the Ministry of Immigration and Population has the fundamental list it is more accurate. According to international practice, the census must be conducted every ten years, and as it will help ensure a correct voter list, the collective involvement of all parties in this matter is a requisite.

In the last elections, the FPTP system was adopted. Regarding the implementation of the PR system, discussions will be held with political parties and ethnic groups. Regarding the amendment of the constitution also, necessary preparations will be made. The amendment will be done through the parliamentary channel.

While preparations are being made for the success of the election, armed violence is creating obstacles. Efforts will be made to achieve stability and peace as soon as possible. It is possible to hold an election without fail, but it must be a politically dignified election. As for the political parties, they need to have a spirit of working for the betterment of the country. The officials from the political parties who attended this meeting are invited to openly discuss and suggest what is needed for the good of the nation.

After that, the chairs, vice chairs and officials from the political parties whose registrations have been approved presented the needs of each party suggestions for the good of the country. They discussed the guidelines established by the State Administration Council, their activities being carried out under the supervision and guidance of the Union Election Commission, the conditions under which the parties will be able to participate in the development and success of MSMEs, the conditions under which the parties will be able to participate in the public security system, necessary efforts to make all the national people cherish the country, the need to ease some of the rules and regulations set for political parties, promotion of democracy, granting of permission for political parties to have opportunities for the adoption of a strong public security system, assistance to be rendered for the development of local agricultural and livestock industries, assistance to be provided by the State as there are difficulties opening party offices, the issues that should be raised for the correct collection of censuses, necessary measures for national security, and measures to be taken by the State to ensure every citizen has the right to vote.

Then, the Chairman of the Union Election Commission discussed the granting of registration permission for the parties, the dissolution of some parties that did not meet the specified rules and regulations, and the need for the political parties to fulfill the requirements of the law as the Union Election Commission is operating according to the legal requirements. The Union Minister for Legal Affairs discussed his reviews over the political parties' request for easing the rules and regulations, and U Sit Aye, member of the legal advisory board, electoral matters.

In his supplementary discussion, the Senior General gave a brief discussion of the national economy. He said that there has been no encouragement of manufacturing activities in the country for ages. The government has responsibility to create jobs and push for success. Since his government took charge, the country has not received foreign loans and has faced many economic sanctions. Therefore, efforts must be exerted to be able to operate with the money earned from exports. A lot of foreign currency is being spent on fuel and cooking oil. So, measures are being taken to re-operate the domestic oil refineries with full capacity in order to meet the needs of fuel for local factories and industries.

Efforts are also being made to meet domestic edible oil needs, and investment funds have already been released from the National Economic Promotion Fund. To increase the salary of the civil servants as discussed in the presentations, the State to act depending on its revenues and budgets. The civil servants are being provided with expenses for uniforms, allowances and cash awards.

The State will fulfill the needs of political parties as much as it can, but some demands will be considered and processed. The Senior General said he will pay attention to the submissions of each political party and will do what he can. As all the parties are urged to work together as much as possible for the benefit of the country and the public. For the success of the election, concerted efforts are being made, he concluded.

Later, the Senior General cordially greeted the party chairmen, vice chairmen and officials. 100

# Shwebo District cultivates more than 25,000 acres of wheat this cold season



A wheat plantation.

**Shwebo January 6**

Shwebo District Agriculture Department recently stated that Shwebo District of Sagaing Region has completed cultivation of 25,587 acres of wheat this cold season.

The district earmarked cultivation of 27,400 acres of wheat this cold season, 25,587 acres of which have been placed under wheat from October 2023.

"Last year, we grew more than 20,000 acres of wheat. This cold season, the district plans to grow more than 27,000 acres of wheat. So far, local farmers have grown more than 25,000 acres of wheat. The largest sown acreage of wheat can be seen in Wetlet Township of Shwebo District. In the region, cultivation of wheat is successful," said Assistant Director Daw Zar Zar Min of Shwebo District Agriculture Department.

In Shwebo District, Shwebo Township has placed 72 acres of farmlands under wheat, KhinU Township 955 acres and Wetlet Township 24,560 acres, totalling 25,587.

In the cold season cultivation period of 2023-24 financial year, Shwebo Township plans to grow 155 acres of wheat, KhinU Township 2,788 acres and Wetlet Township 24,457 acres.

Last year, Shwebo Township earmarked cultivation of 72 acres of wheat and Wetlet Township 25,620 acres, totalling 27,500 in Shwebo Distrct.

Agricultural cost will be K300,000 per acre of wheat and wheat yields 21 baskets per acre.

Wheat is cultivated in Mawlaik, Tamu, Kalay, Hkamti, Yinmabin, Shwebo, Kanbalu, Sagaing, Monywa and Katha districts. Of them, Sagaing and Monywa distrcts are growing the largest acres of wheat. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Locals from Kalay district plant 16,684 acres of vegetables in this year

**Kalay January 6**

During this year's winter crop planting season, 16,684 acres of vegetables were planted in Kalay District, Sagaing Region, according to statistics from the Department of Agriculture for Kalay District.

During the 2023-2024 winter crop planting season, 15,195 acres of vegetable crops are planned to be planted in Kalay District, and 16,684 acres were planted, which was more than the target area.

"We are providing technology to farmers so that they can grow all vegetables under the GAP system. These are mustard, chili, spices, potatoes, cabbage, eggplant, and bread-wrapped crops," said U Aung, District Head of the Department of Agriculture for Kalay District.

In Kalay District, the vegetable cultivation capacity by township is 10,229 acres in Kalay Township, 2,080 acres in Kalewa Township, and 4,375 acres in Mingin Township, totaling 16,684 acres.

During the winter crop planting season of 2023-2024, there are 8,598 acres in Kalay Township, 2,695 acres in Kalewa Township, and 3,902 acres in Mingin Township were planned to be planted. 206



A vegetable plantation.

# Locals from Indaw Township plant 2,000 acres of mustard and sesame in this year

**Indaw January 6**

More than 2,000 acres of mustard and sesame seeds have been planted in Indaw Township, Katha District, Sagaing Region during this year's winter crop planting season, according to the Indaw Township Agriculture Department.

During the 2023-2024 winter crop planting season, 2,062 acres of mustard and sesame seeds are planned to be planted in Indaw Township, and since October 2023, 2,350 acres have been planted.

"Sesame seeds and mustard seeds are grown every year. They are used as cooking oil as well as medicine," said U Thein Khaing, head of Department of Agriculture for Indaw Township's.

In Indaw Township, there were 150 acres of mustard and 2,200 acres of sesame, totaling 2,350 acres, and 220 acres of mustard and 1,842 acres of sesame were planned to be planted, totaling 2,062 acres.

It is reported that in Indaw Township, sesame and mustard are grown every year, and in Sagaing Region, sesame and mustard are mostly grown in Katha and Kawlin districts. 206



A mustard plantation.

# Kawthoung border post handles export of 5 tons of clam worth US$12,000

**Kawthoung January 6**

Kawthoung border trade camp handled export of five tons of clam worth more than US$12,000 as a new export item in December, according to the trade camp on 3 January.

During the period from April to December 2023, the camp exported marine products and other goods worth US$143.361 million. Hence, officials from the camp urged local merchants and businesspersons to extend export volume.

As such, businesspersons sought new export item and exported five tons of clam worth US$12,500 to Thailand on 28 December.

In this regard, small clam fetches 750 baht per kilo. Hence, local businesspersons decided to continue export of calms and cockle to Thailand.

Clam is being cultured at Pulon Tontone Island in Kawthoung District from April of 2023-24 financial year. A 20-kilo basket of clam hatchlings fetches K100,000 and the farm spent K900 million on purchase of quality strain of clams.

Clam hatchling fetches K100,000 to K150,000 per kilo. Clams do not need feeding, and seek foods naturally.

Due to increasing number clam farmers, clam hatchling fetches K500,000 per 20-kilo basket. Salatkalat Island in Kawthoung District is also home to farms of clam on 150 acres.

Some 3,500 acres of clam farms are being operated in Yay-aye Village of Kyunsu Township, some 1,000 acres in Kyetchaung, some 1,500 acres in Yayngantaung and natural farms in Sadein-Payonmaw of Bokpyin Township. 336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အင်ဒိုနီးရှားနိုင်ငံက ကာတာနိုင်ငံထံမှ တစ်ပတ်ရစ် Mirage 2000-5 တိုက်လေယာဉ် ၁၂ စင်းဝယ်ယူမှုကို ဆိုင်းငံ့ခဲ့



အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနသည် ကာတာနိုင်ငံထံမှ အသုံးပြုပြီး တစ်ပတ်ရစ် Mirage 2000-5 တိုက်လေယာဉ် ၁၂ စင်းဝယ်ယူမှုကို ဆိုင်းငံ့ခဲ့ကြောင်း ဂျကာတာပို့စ်သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ဆိုင်းငံ့ရခြင်းအကြောင်းမှာ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့်ဖြစ်သည်ဟု အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Dahnil Anzar Simanjuntak က ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ နှစ်ခုစလုံးက တိုက်လေယာဉ်ဝယ်ယူမှု ဆိုင်းငံ့ခြင်းနှင့်ပတ်သက်၍ ပူးတွဲဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း Dahnil က ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ကျွန်ုပ်တို့၏ဘဏ္ဍာနှစ် ငွေပမာဏသတ်မှတ်ချက် လောက်ငမှုမရှိသည့်အတွက် Mirage 2000-5 တိုက်လေယာဉ်များဝယ်ယူမှုအပေါ် အစိုးရက ဆိုင်းငံ့ခဲ့ရခြင်းဖြစ်သည်ဟု Dahnil က ဇန်နဝါရီ ၄ ရက်တွင် ပုဂ္ဂလိကရုပ်သံဌာနတစ်ခုသို့ ပြောကြားသွားခဲ့သည်။

သို့သော် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနသည် လက်ရှိအသုံးပြုလျက်ရှိသော Sukhoi နှင့် F16 တိုက်လေယာဉ်များတွင် အဆင့်မြှင့်နည်းပညာအသစ်များဖြင့် အဆင့်မြှင့်တင်မှုတစ်ရပ်လုပ်ဆောင်သွားနိုင်ဖွယ်ရှိသည်ဟု Dahnil က ထည့်သွင်းပြောကြားခဲ့သေးသည်။

အင်ဒိုနီးရှားနိုင်ငံသည် ချက်ကာကွယ်ရေးကုမ္ပဏီ Czechoslovak Group (CT) နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ယူရို ၇၃၃ သန်းတန်ဖိုးရှိ Mirage 2000-5 တိုက်လေယာဉ် ၁၂ စင်းဝယ်ယူရန် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးပြီးနောက် နှစ်နှစ်တာကာလအတွင်း တစ်ပတ်ရစ် အဆိုပါတိုက်လေယာဉ်များကို ပေးအပ်သွားမည်ဟု သဘောတူညီချက်တွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်က ဝယ်ယူခဲ့သော အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Rafale တိုက်လေယာဉ် ၄၂ စင်းကို အင်ဒိုနီးရှားအစိုးရက စောင့်မျှော်နေချိန်တွင် ယခုကဲ့သို့ ဝယ်ယူရေးသဘောတူညီချက် ထပ်မံလုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

သို့ရာတွင် Mirage 2000-5 တိုက်လေယာဉ်များသည် ခေတ်နောက်ကျနေပြီဟု ယူဆသော လွှတ်တော်ကိုယ်စားလှယ်များထံမှ ဝေဖန်မှုများမြင့်တက်လာခဲ့သည်။ သမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရန် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် ကာကွယ်ရေးအသုံးစရိတ် ၂၀ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲသွားမည်ဟု အတည်ပြုခဲ့သော်လည်း Mirage 2000-5 တိုက်လေယာဉ်များ ဝယ်ယူမှုအပေါ် ဆိုင်းငံ့ထားရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

တစ်ဖက်တွင်လည်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး Prabowo Subianto သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် အရွေးခံခဲ့ရသည်။

၎င်း၏ရာထူးသက်တမ်းအတွင်း တူကီယဲနိုင်ငံ လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းများထံမှ ဒရုန်းအသစ် ၁၂ စင်း၊ အမေရိကန်နိုင်ငံ Boeing နှင့်Lockheed Martin ကုမ္ပဏီများထံမှ တိုက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းခြင်းများအပါအဝင် အင်ဒိုနီးရှားစစ်ဘက်ကို အဆင့်မြှင့်ခေတ်မီလာစေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

**Defense Ministry Postpones Purchase of 12 Qatar's Used Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်၏ မြန်နှုန်းမြင့် အရွေ့စွမ်းအင်သုံးလက်နက်က အမေရိကန်ထုတ် အဆင့်မြင့် တင့်ကား၊ သံချပ်ကာယာဉ်များကို တစ်ချက်တည်းဖြင့် ဖျက်ဆီးနိုင်

တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်အရွေ့စွမ်းအင်သုံး လက်နက်တစ်မျိုးသည် အမေရိကန်ထုတ် M1 Abrams တင့်ကားကဲ့သို့ အဆင့်မြင့် တင့်ကား၊ သံချပ်ကာယာဉ်များကို တစ်ချက်တည်းဖြင့် တိုက်ခိုက်ဖျက်ဆီးပစ်နိုင်သည်ဟု တရုတ်နိုင်ငံ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ကောက်ချက်ချပြောကြားခဲ့သည်ကို The Defense Post သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ South China Morning Post သတင်းစာ၏ အစီရင်ခံစာအရ Huang Jie နှင့် China Aerodynamics Research and Development Center မှ သုတေသီများသည် မကြာသေးမီက အရွေ့စွမ်းအင်သုံး လက်နက်များ၏ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်း အတိုင်းအတာကို အကဲဖြတ်ဆန်းစစ်နိုင်ရန် သဏ္ဍာန်တူ (Simulations) လေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလေ့ကျင့်စမ်းသပ်မှုတွင် အကြီးစားတင့်ကား၊ သံချပ်ကာယာဉ်များကို ပြင်ပဖျက်စီးမှုတစ်စုံတစ်ရာမပြဘဲ တစ်ချက်တည်းပစ်ခတ်ရုံဖြင့် ယာဉ်၏အတွင်းပိုင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်ဟု တွေ့ရှိခဲ့ကြရသည်။

အလေးချိန် ၂၀ ကီလိုဂရမ် (၄၄ ပေါင်) ရှိသော အစိုင်အခဲစက်လုံး (Solid Sphere) တစ်ခုသည် Mach 4 အကျော်တွင် လည်ပတ်နေသော အရွေ့စွမ်းအင် 25 Megajoule သို့မဟုတ် သို့မဟုတ် လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲချိန်တွင် ၇ ကီလိုဝပ်နာရီကို ထုတ်လုပ်နိုင်စွမ်းရှိနေသည်။

ထိုသို့သောပါဝါ(စွမ်းအား)သည် တင့်ကား၏အပြင်ပိုင်းကို ပကတိအတိုင်း မပျက်စီးစေဘဲ အတွင်းပိုင်းကို ပြင်းထန်စွာထိခိုက်ပျက်စီးနိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

လေ့လာမှုအရ မြန်နှုန်းမြင့်အရွေ့စွမ်းအင်သုံးလက်နက်သည် အထူးပြုလုပ်ထားသော သံချပ်ကာအကာအကွယ်ချပ်ဝတ်တန်ဆာများဖြင့် ပြုလုပ်ထားသည့် တန် ၄၀ မှ တန် ၆၀ တင့်ကားများကို ထိထိရောက်ရောက် တိုက်ခိုက်ဖျက်ဆီးစေနိုင်ကြောင်း သိရသည်။

၎င်း၏မြင့်မားသော အဆုံးသတ်ပိုင်းအလျင်နှုန်း(Terminal Speed)ကြောင့် ပစ်မှတ်ကိုထိရုံမျှနှင့်ပင် ပြင်းထန်သောထိခိုက်မှုဖြစ်စေနိုင်သည်ဟု သိရသည်။



တင့်ကားတစ်စီးကို ရှေ့ဘက်ပိုင်း၌ လက်နက်ကျည်ထိမှန်သောအခါ ကျည်ဆန်သည် ပစ်ခတ်မှုထိန်းကျောင်းရေးကွန်ပျူတာနှင့် ဆုံလည်ကြား၌ ချိတ်ဆက်မှုများကို ပြတ်တောက်သွားစေပြီး တင့်ကား၏ တိုက်ပွဲဝင်ပစ်ခတ်နိုင်စွမ်းအားနှင့် အဖျက်စွမ်းအားအပေါ် အန္တရာယ်ဖြစ်စေသည်ဟု သိရသည်။

ထို့ပြင် အရွေ့စွမ်းအင်သုံးလက်နက်သည် အတွင်းပိုင်းကိုသာ အာရုံစူးစိုက်မှုဖြစ်စေနိုင်ပြီး တင့်ကား၏ Gun Stabilizer Console နှင့် ဝိုင်ယာကြိုးများကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုနေရာများရှိ စနစ်အစိတ်အပိုင်းများသည် ဆိုးရွားစွာထိခိုက်ပျက်စီးမှုကြောင့် တိုက်ပွဲဝင်လုပ်ဆောင်ရန်ဖြစ်နိုင်ခြေ အလွန်နည်းပါးသွားကြောင်း သုတေသီအဖွဲ့က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ Dalian University of Technology နည်းပညာတက္ကသိုလ်မှ လုပ်ဆောင်ခဲ့သော ဆက်စပ်ပုံသဏ္ဍာန်တူ လေ့ကျင့်မှုတစ်ခုတွင် M1 Abrams တင့်ကားတစ်စီး၏ အမှုထမ်းများသည် မြန်နှုန်းမြင့် အရွေ့စွမ်းအင်သုံးလက်နက်၊ ခဲယမ်းကျည် (Kinetic Projectile)ဖြင့် ထိမှန်သောအခါ သေစေလောက်သည်ထိ ဒဏ်ရာပြင်းထန်စွာ ရရှိနိုင်ကြောင်း ပြသခဲ့သည်။

**China Claims Kinetic Weapon Can Take Out Modern US Tanks in One Shot ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၆၄၀၀၀ ကျော် လာရောက်ဖူးမြော်



**ကျိုက်ထို ဇန်နဝါရီ ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၆၄၀၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ နိုဝင်ဘာလမှစတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်မှု နေ့စဉ်များပြားလျက်ရှိပြီး ဒီဇင်ဘာလအတွင်း အနယ်နယ်အရပ်ရပ်က ပြည်တွင်းဘုရားဖူးဦးရေ ၆၃၁၀၅ ဦး၊ ပြည်ပခရီးသွားဦးရေ ၁၂၈၄ ဦး စုစုပေါင်း ၆၅၃၈၉ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်းမှာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်တွေများတော့ ဘုရားဖူးတော်တော်များများ လာကြတယ်။ ဘုရားဖူး လာရောက်မှုကတော့ တစ်နှစ်တာအတွင်း အများဆုံး လာရောက်ဖူးမြော်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလထိ အနယ်နယ်အရပ်ရပ်က ပြည်တွင်းဘုရားဖူး ၂၈၄၀၇၉ ဦး၊ ပြည်ပခရီးသွား ၁၀၂၁၄ ဦး စုစုပေါင်း ဘုရားဖူးခရီးသွားဦးရေ ၂၉၄၂၉၃ ဦး လာရောက်ခဲ့ပါတယ်"ဟု ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြသည်။

လက်ရှိတွင် ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ နေ့စဉ် တောင်တက်ကားအစီးရေ ၂၅၀ ခန့် ပြေးဆွဲပေးလျက်ရှိပြီး ဘုရားဖူးများအတွက် ဟိုတယ်၊ တည်းခိုခန်းများနှင့် အခမဲ့တည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများကို စုံလင်စွာ ဖွင့်လှစ်ထားကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ကျင်းပလေ့ရှိပြီး ပိတ်ရက်မရှိဖွင့်လှစ်ထားကြောင်း သိရသည်။

ASH

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြောင်းကောက်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြောင်းကောက်ကျေးရွာတွင် ပဉ္စမအကြိမ်ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းသန်းရိုး

# မိုင်းကိုင်မြို့နယ် နမ့်မော်မွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းကိုင် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် စုံလောကျေးရွာအုပ်စု နမ့်မော်မွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် နမ့်မော်မွန်ကျေးရွာတွင် ရေရရှိရေးအတွက် အရှည်နှစ်မိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

နမ့်မော်မွန်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၀၃ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် နမ့်မော်မွန်ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းထံမှ သိရသည်။

မောင်ခိုင်




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၁-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ချွေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**ဆားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**ကော်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အတွင်းရေးမှူးချုပ် မစ္စတာကျန်းမင်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော်နှင့်မြန်မာပြည်သူများအားနွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လေးစားအားရဖွယ်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများမှာ မြန်မာပြည်သူများ၏ စိတ်အားထက်သန်သော ကြိုးပမ်းအားထုတ်မှုများကို ထင်ဟပ်စေကြောင်းတွေ့မြင်ရပါသည်။

ယမန်နှစ်၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ ဂိုဟာမြို့၌ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံအဖြစ်ပါဝင်ခွင့် စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ မိသားစုဝင်အဖြစ်မြန်မာနိုင်ငံပါဝင်ခြင်းကို တရားဝင်သတ်မှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့အကြား မိတ်ဖက်ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်းအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည်ဟု မိမိအနေဖြင့်ယုံကြည်ပါသည်။ ထို့ပြင် ကဏ္ဍအသီးသီးတွင် မိမိတို့၏ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာစေရန် မိမိအနေဖြင့်မျှော်လင့်ပါသည်။

အဆွေတော်ကျန်းမာချမ်းသာပါစေကြောင်း၊ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာနိုင်ငံသားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်းနှင့် ကံကောင်းခြင်းများ ကြုံတွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီကာရာဂွါ သမ္မတနိုင်ငံ သမ္မတနှင့် ဒုတိယသမ္မတတို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးချစ်ကြည်မှုတို့ ဆက်လက်ခိုင်မာလာစေရန်နှင့် ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရဲစွမ်းသတ္တိရှိသည့်စိတ်ဓာတ်တို့ ခိုင်မာလာစေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာပြည်သူများအားလုံး လွတ်လပ်ရေးကို အစဉ်အမြဲရရှိခံစားနိုင်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နီကာရာဂွါနိုင်ငံမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြင်ဦးလွင်မြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးလုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအတွင်းရေးမှူး နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့တွင် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသည့် ရပ်ကွက်ကြီး(၆)ရှိ နန္ဒာလမ်းနေရာသို့ရောက်ရှိရာ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် နန္ဒာလမ်း၊ အိမ်တော်လမ်းနှင့်ကလပ်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယခုနိုင်လွန်ကတ္တရာလမ်းခင်းကျင်းမှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်ကြီး(၅)အတွင်းအရှည် ပေ၂၁၀၀၊ အကျယ် ၂၁ ပေ၊ ၃ သုံးလက်မရှိ ကလပ်လမ်းနိုင်လွန်ကတ္တရာခင်းခြင်းကို ငွေကျပ် ၂၁၉ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ရပ်ကွက်ကြီး(၆)အတွင်းအရှည်ပေ ၂၆၇၅၊ အကျယ် ၂၄ ပေ၊ ၃ သုံးလက်မရှိ နန္ဒာလမ်းနိုင်လွန်ကတ္တရာခင်းခြင်းအားငွေကျပ် ၃၇၇ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် ဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးတို့မှတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊မိဘများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူသုံးဦးက မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့သည် ကျောင်းသူများက ကဗျာလွတ်အကဖြင့် ကပြခြင်း၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော် ဂုဏ်ပြုသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ခြင်း၊ ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှု အတွဲ(၃/၄)၊ Fitness Dance အကၢမြန်မာ့သိုင်းတို့ဖြင့် သရုပ်ပြသတင်ဆက်ခြင်းတို့နှင့် ပညာရေးပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကိုကွန်ခိုရာခန်းမ၌ ဆက်လက်ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်စကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီးပညာရေးမှူးထံသို့လည်းကောင်း၊ အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုအထက်တန်းအဆင့်နှင့် မူလတန်းအဆင့်ရရှိသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများကThe 24th International High School Art Festival ပန်းချီပြိုင်ပွဲနှင့် တရုတ်နိုင်ငံ Skill Road Artists ပန်းချီပြိုင်ပွဲ၊ ၂၀၂၃ ခုနှစ် (၅၂)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲနှင့် 23th JQA International Environmental Children's Drawing Contest ပန်းချီပြိုင်ပွဲ၊ မြန်မာအမျိုးသမီးများ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး၊ ၂၀၂၄ခုနှစ်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ၊ အခြေခံပညာမူလတန်းနှင့်အလယ်တန်းအင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ National ICT Awards-2023 (Education Project & Skill Competition) ပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံ ဗဟိုအဆင့်အားကစားပြိုင်ပွဲတို့တွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက ရိုးရာအကအလှများဖြင့် ဂုဏ်ပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ကပြခဲ့ကြသည့်အဖွဲ့များကိုလည်း ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# ရမည်းသင်းဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်





**နေပြည်တော် ဇန်နဝါရီ ၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ၆၆/၃၃/၁၁ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်းဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်တည်ဆောက်နေသည့် ၆၆/၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်းဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ၆၆ ကေဗွီ ရွှေမြို့-ရမည်းသင်း ဓာတ်အားလိုင်းနှင့် ဆက်စပ်ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုလိုပွင့်လင်းရာသီတွင် တောင်သူများမှာလည်း သီးနှံရိတ်သိမ်းကာလဖြစ်သည့်အလျောက် မြို့ပြလုပ်ငန်းများဖြစ်သော မြေကျင်းတူးဖော်ခြင်း၊ တိုင်ထောင်ခြင်းလုပ်ငန်းများနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဦးစားပေး ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများအလိုက်ပြီးစီးရမည့် အချိန်ဇယားများရေးဆွဲထားသည့်အတိုင်း သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်လျက်ရှိသည့် ၆၆/၃၃/၁၁ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ် အတွင်းရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများကို ပို့အားပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အပြင် စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပြီး ယခုအချိန်တွင် စီမံကိန်းလုပ်ငန်းများ၏ ၉၀ ဒသမ ၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ၂၀၂၄ ခုနှစ်အတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ်တည်ငြိမ် တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်းမှာကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံနှင့် လက်ပံတန်းမြို့ပြည်သူ့ဆေးရုံတို့တွင် နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့သည် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံနှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးက ဧည့်သည်တော်များကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် နှစ်ထပ်ကုသဆောင်သစ်အတွင်းရှိ လူနာခန်းများ၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုကာ လူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ အဆောက်အအုံသစ်ကို ရေရှည်သန့်ရှင်းသပ်ရပ်စွာတည်တံ့စေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရန်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ကြရန်၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကွင်းဆင်းကုသမှုများ ဆောင်ရွက်ကြရန် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ်သည် စတုရန်းပေ ၁၈၆၀၀ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၅၃၆ ဒသမ ၅သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကာ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ သားဖွားခန်းနှင့် ဆေးပေးခန်းတို့ပါဝင်သည်။



ဆက်လက်၍ လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဧည့်သည်တော်များကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ကာ နှစ်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြပြီး နိုင်ငံတော်က နှစ်စဉ်ထောက်ပံ့ပေးအပ်သော ရန်ပုံငွေများကို ပြည်သူများရရှိခံစားနိုင်စေရေး အကျိုးရှိစွာအသုံးပြုကြရန်၊ လူနာများ စိုက်ထုတ်ကုန်ကျငွေသက်သာစေရေးအတွက် အဓိကဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေးဆောင်ရွက်ရန် မှာကြား၍ ဆေးရုံတက်ရောက်နေသော လူနာများကို တွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတွင် ယနေ့ ဖွင့်လှစ်သည့် ကုသဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံ ၈၆ ပေ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၂၂၉ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်းများနှင့် ဆေးပေးခန်းများပါဝင်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဲကုန်းမြို့နယ် အင်းမတိုက်နယ်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း အရေးပေါ်လူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးစတိုတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများကို တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် အင်းမတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဝက်ပုတ်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ပြင်ပလူနာဆေးကုသမှု၊ မီးဖွားခန်း၊ ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများကို တွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသံမစဲဥပ္ပါတသန္တိပါဠိတော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မိုးဆွေကျေးရွာအုပ်စု ပန်းတင်ကျေးရွာ ဝေဠုဝန်ကျောင်းတိုက်၌ကျင်းပသည့် အသံမစဲဥပ္ပါတသန္တိပါဠိတော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံ ပြည်ထောင်စုဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယဝန်ကြီး ဦးအေးထွန်းက နဝကမ္မအလှူငွေကျပ် ငါးသိန်းနှင့် ဥပ္ပါတသန္တိဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်က ဥပ္ပါတသန္တိပါဠိတော်ဝတ်ရွတ်စဉ် စာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏက အနုမောဒနာတရား ဟောကြားတော်မူသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေဠုဝန်ကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်တော်မူသော သာသနသိဒ္ဓိပါလစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစတင်၍ ၁၀၈ ရက်တိုင်တိုင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်လျက်ရှိသည့်အပြင် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဉဿျစ်ကုန်းကျောင်း၊ ဘုရားငါးဆူကျောင်းနှင့် ရွှေလွှမ်းတောင်ကျောင်းတို့၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ထိ ၁၈ ရက်တိုင်တိုင်၊ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက်၊ ဥတ္တရသီရိမြို့နယ် မြင့်ထူးသာကျောင်းတိုက်နှင့် ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်ထိ ခုနစ်ရက်တိုင်တိုင်၊ တပ်ကုန်းမြို့နယ် မဟာဇနကကျောင်းတိုက်၊ လယ်ဝေးမြို့နယ် သရက်တောပရိယတ္တိစာသင်တိုက်နှင့် ဇေယျာသီရိမြို့နယ် မဟာဗောဓိမြိုင် ကျောင်းတိုက်တို့၌လည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်းနှင့် ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်နှင့် ဇေယျာသီရိမြို့နယ် ရတနာစံ ပရိယတ္တိစာသင်တိုက်တို့၌လည်း ဥပ္ပါတသန္တိပါဠိတော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# MSME ထုတ်ကုန်အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ပိုမိုကျယ်ပြန့်စွာရရှိလာစေရန်နှင့် Digitalစနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန်အတွက်ရည်ရွယ်၍ E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီးအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် E-Market Platform ပေါ်ရှိ MSME ထုတ်ကုန် အရောင်းပြခန်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး MSME ထုတ်ကုန်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကို MSME Center ရှိ မြေညီထပ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းတွင် ပြသရောင်းချမည့်ထုတ်ကုန်များသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဒေသအလိုက်ထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံပြီး ထုတ်လုပ်ထားသော MSME ထုတ်ကုန်များကို တစ်စုတစ်စည်းတည်းပြသရောင်းချရာနေရာ၊ ဈေးကွက်ချိတ်ဆက်ပေးရာ Platform တစ်ခုဖြစ်ပြီး နိုင်ငံ့စီးပွားရေး မြှင့်တင်ပေးနိုင်မှုနှင့်လည်း ပတ်သက်ဆက်နွှယ်နေသည့်အတွက် အဖိုးတန်အနှစ်သာရများနှင့် ပြည့်နှက်နေသည့်နေရာတစ်ခုဖြစ်ကြောင်း။

MSME ထုတ်ကုန်ပြခန်းတွင် ပါဝင်ပြသရောင်းချသည့် MSME ထုတ်ကုန်များအားလုံးသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ MSME လုပ်ငန်းရှင်များက ကိုယ်တိုင်တိုက်ရိုက်ချိတ်ဆက်ပေးပို့၍ ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လက်လီလက်ကားဝယ်ယူလိုသူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့မှ ပင်ရင်းဆိုင်များအထိ တကူးတက အချိန်ကုန်ငွေကုန်ခံ၍ သွားရောက်ဝယ်ယူစရာမလိုဘဲ ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပြခန်းတွင် အဆင်ပြေချောမွေ့ပြီး ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ကုန်ပစ္စည်းများ၏ဈေးနှုန်းသည်လည်း ပင်ရင်းဆိုင်များနှင့်ကွာခြားမှုမရှိဘဲ လက်လီလက်ကား ဈေးများသည်လည်း ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း၊ ပြည်ပနိုင်ငံများက လာရောက်လည်ပတ်သည့် ဧည့်သည်များအနေဖြင့် မြန်မာ့ထုတ်ကုန်များကို တစ်စုတစ်စည်းတည်းတစ်နေရာတည်းတွင် ကြည့်ရှုလေ့လာခွင့်ရရှိစေပြီး အရည်အသွေးနှင့်ထုပ်ပိုးမှုကောင်းမွန်လှပသည့် မြန်မာ့ MSME ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိစေရန်အတွက် အစပြုသည့်ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထူးအလေးပေးဆောင်ရွက်နေသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ကြပါစေကြောင်း ဖြင့် ပြောကြားသည်။



ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတွင် ပြည်တွင်းလုပ်ငန်းရှင် ၁၇၁ ဦးက ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်း ၉၀၆ မျိုးကိုခင်းကျင်းပြသရောင်းချသွားမည်ဖြစ်၍ မည်သူမဆို လာရောက် လေ့လာကြည့်ရှု ဝယ်ယူနိုင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)သို့ ရောက်ရှိပြီးဆေးပြားနှင့် ဆေးတောင့် ထုတ်လုပ်ရေးအလုပ်ရုံ၌ ဆေးပြားနှင့် ဆေးတောင့်များထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးစက်ရုံ (အင်းစိန်)အနေဖြင့် အများပြည်သူလိုအပ်သော ဆေးဝါးများကိုထုတ်လုပ်ဖြည့်ဆည်းနေသည့် စက်ရုံဖြစ်၍ လုပ်ငန်းတာဝန်များကိုအလေးထားဆောင်ရွက်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းများပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရန်နှင့်လိုအပ်သော စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်ဆည်းထားရန်၊ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ Agro Future Myanmar Co., Ltd.သို့ရောက်ရှိပြီး တစ်နာရီလျှင်တစ်ဧကစိုက်ပျိုးနိုင်သည့် ကောက်စိုက်စက်များ ထုတ်လုပ်တပ်ဆင်နေမှု အခြေအနေတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့ဝယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ တံတားဦးကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၁၂၂ ပါး၊ သာသနာ့ဝယ်ဝင်သီလရှင် ၅၄ ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆီးချို သွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၆**

(၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု သေနတ်ပစ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၈ သင်းဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်း ဆုပေးအပ်ချီးမြှင့်စဉ်။



# တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသောလူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ကနီမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်း အတွင်း၊အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများ ခုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြစဉ်။



ကန့်ဘလူမြို့နယ်ပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများ ခုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။

# တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာနှင့် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီး လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သဖြင့် ထိခိုက်သေဆုံးမှုနှင့် ကျေးရွာအချို့ မီးလောင်ပျက်စီးခဲ့မှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကျေးရွာနေပြည်သူများထိခိုက်သေဆုံးမှုရှိကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက ဒရုန်းများဖြင့် ကျေးရွာအတွင်းဗုံးကြဲခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးရှိ ကျေးရွာများကို တပ်မတော်မှ နေ့ ည လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေ၍ ကျေးရွာအချို့မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးနှင့် ဝန်းကျင်ကျေးရွာများတွင် ထိတွေ့ပစ်ခတ်မှုများမရှိကြောင်းနှင့် AA သောင်းကျန်းသူများက အဝေးမှလက်နက်ကြီး၊ ရှေ့တိုက်ဒုံးများဖြင့် တပ်စခန်းရှိရာနေရာများသို့ ပစ်ခတ်တိုက်ခိုက်မှုရှိခဲ့ပြီး ဒေသခံတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့၍ နေအိမ်အချို့ မီးလောင်ကျွမ်းမှုများရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မြို့ရွာများ တည်ငြိမ်မှုပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကိုပျက်စီးစေရန် ရည်ရွယ်လျက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့်အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် ပြည်သူများက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ပေါင်းတည်မြို့တွင် တပ်မတော်ကနေအိမ်အလုံး ၂၀ ကျော် မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက်ကျေးရွာရှိ နေအိမ်များကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ်အလုံး ၂၀ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက် ကျေးရွာအနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်မှုမရှိခဲ့ကြောင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာရှိနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေမှလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ တပ်မတော်က ပစ်ခတ်သည့်လက်နက်ကြီးကျည်သည် နာရေးပြုလုပ်နေသည့် နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ဒေသခံပြည်သူ ရှစ်ဦး သေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့် ပတ်သက်၍ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့များမှ ရေဖြူကန်ကျေးရွာအတွင်း Drone များအသုံးပြု၍ ဗုံးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံအပြစ်မဲ့ပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာနေပြည်သူများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကိုအကြောက်တရားဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Myo Min Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ မျိုးမင်းစိုးနှင့် “Poe Ei Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ ပိုးအိကျော်တို့နှစ်ဦးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အမှတ်(၇)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂျပန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူနှင့်ပျောက်ဆုံးနေသူ နောက်ဆုံးရစာရင်းထုတ်ပြန်



**တိုကျို ဇန်နဝါရီ ၆**

ဂျပန်နိုင်ငံတွင် ဇန်နဝါရီ ၁ ရက်က ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးနေသူနောက်ဆုံးရစာရင်းကို ဂျပန်နိုင်ငံပိုင် သတင်းဌာနက ဇန်နဝါရီ ၅ ရက်က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သေဆုံးသူနှင့် ပျောက်ဆုံးနေသူ နောက်ဆုံးရစာရင်းအရ သေဆုံးသူ ၉၂ ဦးနှင့် ပျောက်ဆုံးနေသူ ၂၄၂ ဦးထိရှိနေကြောင်း၊ ငလျင်အန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသည့်ဇရိယာမှာ ဝါဂျီမာမြို့ဖြစ်ပြီး သေဆုံးသူများအနက် ဦးရေ ၄၀ မှာ ဝါဂျီမာမြို့မှဖြစ်ကြောင်း၊ ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဝန်ထမ်း ဦးရေ ၄၆၀၀ ကျော်စေလွှတ်ပေးထားပြီး ပျောက်ဆုံးနေသူများကို အမြန်ဆုံးရှာဖွေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငလျင်ကြောင့် မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ပြီး နောက်ဆုံးအတည်ပြုချက်အရ နယ်မြေဒေသ ၁၀ ခုတွင် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေဆဲဖြစ်ကာ ပိတ်မိနေသည့် လူဦးရေ ၇၀၀ ကျော်ထိ ရှိနေကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်ပေါင်း ၃၀၀၀၀ ကျော်ရှိနေပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်ပေါင်း ၈၀၀၀၀ ကျော်ရှိနေကြောင်း သိရသည်။

ထို့ပြင် သောက်သုံးရေဖြန့်ဝေမှုစနစ်များပျက်စီးခဲ့သည့် မြို့ ၁၃ မြို့ထိရှိနေပြီး အခြေခံအဆောက်အအုံများ ပျက်စီးမှုများပြားခဲ့သဖြင့် လျှပ်စစ်မီးနှင့် သောက်သုံးရေပြန်လည်ရရှိရေးအတွက် အချိန်တစ်ခုထိကြာမြင့်နိုင်ကြောင်း၊ ငလျင်ကြောင့် နေအိမ်ကို စွန့်ခွာခဲ့ရသော ဒေသခံ ဦးရေ ၃၃၀၀၀ ကျော်ကို ယာယီကယ်ဆယ်ရေးစခန်း ၃၇၀ ထိ ဖွင့်လှစ်ကာ နေရာချပေးထားကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တူရကီယဲနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင်လည်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၆**

တူရကီယဲနိုင်ငံ၌ ၂၀၂၃ ခုနှစ်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် အပူချိန်အမြင့်မားဆုံးသောစံချိန်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင်လည်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့အခြေစိုက် ဘိုဂါဇီစီတက္ကသိုလ်မှ ရာသီဥတုပြောင်းလဲမှုနှင့် မူဝါဒဆိုင်ရာလေ့လာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၅ ရက်သတင်းများအရ သိရသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တူရကီယဲနိုင်ငံ၌ စံချိန်တင်အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်အတွင်း ရက်ပေါင်း ၁၇၉ ရက်ကြာ အပူချိန်မြင့်တက်ခဲ့မှုကြောင့် တူရကီယဲနိုင်ငံသမိုင်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသောနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင်လည်း အပူချိန် ဆက်လက်မြင့်တက်လာဖွယ်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော စံချိန်တင်အပူချိန်မြင့်တက်မှုကို ကျော်ဖြတ်သွားရဖွယ်ရှိနေကြောင်း ရာသီဥတုပြောင်းလဲမှုနှင့်မူဝါဒဆိုင်ရာလေ့လာရေးစင်တာမှ သုတေသီ လီဗန်ကာနက်ဇ်က ပြောကြားခဲ့သည်။

“၂၀၂၃ ခုနှစ်ဟာ တူရကီယဲနိုင်ငံအတွက် အပူချိန်အမြင့်ဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒီလောက် အပူချိန်မြင့်မားတဲ့ အတွေ့အကြုံမျိုး တစ်ခါမှမကြုံဖူးသေးပါဘူး။ အပူချိန်ဆက်တိုက်မြင့်တက်မှုဟာ ရက်ပေါင်း ၁၇၉ ရက်ထိ ကြာမြင့်ခဲ့ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့တာဖြစ်ပြီး ၂၀၂၄ ခုနှစ်မှာလဲ အယ်လ်နီညိုရာသီဥတုမပြီးဆုံးသေးတဲ့အတွက် အပူချိန် ဆက်လက်မြင့်တက်လာနိုင်ပါတယ်။ ၂၀၁၆ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်တို့မှာ အပူချိန် စံချိန်တင်မြင့်တက်ခဲ့ပြီးတော့ အဲဒီနှစ်တွေမှာမြင့်တက်ခဲ့တဲ့ အပူချိန်တွေထက် ၂၀၂၃ ခုနှစ်မှာမြင့်တက်ခဲ့တဲ့ အပူချိန်က ပိုများခဲ့တယ်။ ၂၀၂၄ ခုနှစ်ဟာလဲ ၂၀၂၃ ခုနှစ်မှာမြင့်တက်ခဲ့တဲ့ စံချိန်တင်အပူချိန်မြင့်တက်မှုကို ကျော်ဖြတ်သွားနိုင်တဲ့အတွက် အပူချိန်လျော့ကျဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင်သွားသင့်ပါတယ်”ဟု ရာသီဥတုပြောင်းလဲမှုနှင့် မူဝါဒဆိုင်ရာ လေ့လာရေးစင်တာမှ သုတေသီ လီဗန်ကာနက်ဇ်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အင်္ဂလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ရာနှင့်ချီပျက်စီး

**လန်ဒန် ဇန်နဝါရီ ၆**

အင်္ဂလန်နိုင်ငံတွင် အင်အားပြင်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ပြီးနောက် ရက်သတ္တပတ်အကြာတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ရာနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်္ဂလန်နိုင်ငံတွင် ယခုသီတင်းပတ်ကုန်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် Midlands၊ East Anglia နှင့် အင်္ဂလန်နိုင်ငံတောင်ပိုင်း ဒေသများတွင် လူနေအိမ်များ ရာနှင့်ချီ၍ ထိခိုက်ပျက်စီးခဲ့ပြီး အဆိုပါဒေသရှိ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

အဆိုပါဒေသများတွင် ရေလွှမ်းမိုးမှုနှင့်ပတ်သက်သော သတိပေးချက်ပေါင်း ၂၃၀ ကျော်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် ကားလမ်းနှင့် မီးရထားလမ်းများပေါ်တွင် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ခရီးသွားလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



ထရန့်မြစ်ရေ လျှံတက်မှုများကြောင့် နော်တင်ဟမ်ရှိုင်းယားကောင်တီရှိ ထရန့်မြစ်ဝှမ်းတစ်လျှောက် နေထိုင်သူများ၏ နေအိမ်နှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရပြီး အရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထရန့်မြစ်ရေမျက်နှာပြင်သည် ၂၀၀၀ ပြည့်နှစ်တွင်စံချိန်တင်ခဲ့သော စိုးရိမ်ရေမှတ် ၅ ဒသမ ၃၅ မီတာထက် ပိုမိုကာ ၅ ဒသမ ၅ မီတာထိ မြင့်တက်လျက်ရှိကြောင်း အင်္ဂလန်နိုင်ငံ သဘာဝပတ်ဝန်းကျင် အေဂျင်စီ အမှုဆောင်ဒါရိုက်တာ ကာရိုလင်း ဒေါက်ကလပ်က ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် လာမည့်ရက်များအတွင်း အပူချိန်ကျဆင်းမှုများဖြစ်ပေါ်နိုင်ပြီး အအေးဒဏ်ကို ဆက်လက်ခံစားရနိုင်ကြောင်းလည်း ကျန်းမာရေးနှင့် လုံခြုံရေးအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# ဂျိုဟိုးပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ကယ်ဆယ်ရေးစခန်းခုနစ်ခုထိ ဖွင့်လှစ်ထားရ

**ကွာလာလမ်ပူ ဇန်နဝါရီ ၆**

မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ်တွင် ရေကြီးရေလျှံမှု ဆိုးရွားစွာဖြစ်ပွားနေသဖြင့် အန္တရာယ်ဇုန်အတွင်းမှဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းပေးနေရပြီး ကယ်ဆယ်ရေးစခန်းခုနစ်ခုထိ ဖွင့်လှစ်ထားရကြောင်း ဂျိုဟိုးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ဂျိုဟိုးပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် ဒေသခံ ဦးရေ ၃၃၀ ထိ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင်လေးခရိုင်မှာ ဂျိုဟိုးဘာရူခရိုင်၊ ကိုတာတင်ဂီခရိုင်၊ မာဆင်းခရိုင်နှင့် ကလူအန်ခရိုင်တို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင်များအနက် ဂျိုဟိုးဘာရူခရိုင်သည် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ရေဘေးဒဏ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများအနက် ၂၃၄ ဦးမှာ ဂျိုဟိုးဘာရူခရိုင်မှဖြစ်ကြောင်း ဂျိုဟိုးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ဂျိုဟိုးပြည်နယ်ရဲ့ ခရိုင်လေးခရိုင်မှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီးတော့ ဒေသခံတချို့ဟာ အန္တရာယ်ဇုန်အတွင်းကျရောက်နေတဲ့အတွက်ကြောင့် ကယ်ဆယ်ရေးဝန်ထမ်းတွေရဲ့ အကူအညီနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုလဲ ယာယီကယ်ဆယ်ရေးခုနစ်ခုထိ ဖွင့်လှစ်ပြီးတော့ နေရာချပေးထားပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံအယောက် ၃၃၀ ထိ ရှိနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံ အယောက် ၃၃၀ အနက် ၂၃၄ ယောက်က ဂျိုဟိုးဘာရူခရိုင်ကဖြစ်ပြီးတော့ မာဆင်းခရိုင်က ၅၂ ယောက်၊ ကလူအန်ခရိုင်က ၄၄ ယောက်ဖြစ်ပါတယ်”ဟု ဂျိုဟိုးပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တန်ဆရီက ပြောကြားခဲ့သည်။

မလေးရှားမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မိုးရွာသွန်းမှုမှာ ဇန်နဝါရီ ၇ ရက်ထိ ဆက်လက်မြင့်တက်ဖွယ်ရှိနေသဖြင့် ရေဘေးအန္တရာယ်ဖြစ်ပေါ်မှုပမာဏလည်း မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တန်ဇန်းနီးယားရှိ ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဒဏ် ခံစားခဲ့ရသူများအတွက် ဥရောပသမဂ္ဂက ယူရိုငွေတစ်သိန်း လှူဒါန်းမည်

**ဒိုဒိုမာ ဇန်နဝါရီ ၆**

ရေကြီးရေလျှံမှုများနှင့်မြေပြိုမှုများဒဏ်ခံစားခဲ့ရသော တန်ဇန်းနီးယားပြည်သူများအတွက် ဥရောပသမဂ္ဂက ယူရိုငွေတစ်သိန်းလှူဒါန်းမည့်အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၅ ရက်က တန်ဇန်းနီးယားနိုင်ငံ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံးက ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တန်ဇန်းနီးယားနိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုများနှင့် ဟာနန်တောင်တန်းဒေသတစ်ဝိုက်တွင် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရသူများ၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ခံခဲ့ရသော ဒေသခံများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီအဖြစ် ယူရိုငွေတစ်သိန်း လှူဒါန်းမည့်အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေများကို သဘာဝဘေး အန္တရာယ်ကြောင့် အဓိက ထိခိုက်ခံစားခဲ့ရသော မန်ရာန၊ ဒါအီဆလမ်၊ ကီဂိုမာ၊ ကာဂီယာ၊ ဂီရိတာနှင့် အန်ဂူဂျာဒေသတို့မှ မိသားစုပေါင်း ၄၄၀၀၀ အတွက် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအကူအညီများကို တန်ဇန်းနီးယားကြက်ခြေနီအသင်းမှတစ်ဆင့် အကူအညီ ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအကူအညီများတွင် အစားအသောက်၊ ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အမိုးအကာနှင့် ကျန်းမာရေးကာကွယ်ရေး ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တန်ဇန်းနီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၈၉ ဦး သေဆုံးခဲ့ပြီး လူဦးရေ ၅၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အစိုးရ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ရင်ဖွင့်စာ

ဖြိုးသစ္စာ(ပညာရေး)



(၁)

"ဆရာမ ကျော်ကျော်က သမီးတို့ခုံမှာ ပိုးယားကောင်တွေလာချထားလို့ရှင့်"

နာမည်စာရင်း ခေါ်ပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းသူတစ်ဦး၏ တိုင်တောသံကြောင့် ကျွန်မအပါအဝင် တစ်တန်းလုံး၏မျက်လုံးများက အချိုးမပြေသော မျက်နှာပေးဖြင့် စပ်ဖြဲဖြဲလုပ်နေသော ကျော်ကျော့်ဆီ စုပြုရောက်ရှိသွားလေသည်။

"ကျော်ကျော် မတ်တတ်ရပ်စမ်း။ သီတာ ပြောတာဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

"အဲဒီပိုးယားကောင်ထိရင် တစ်ကိုယ်လုံး အဖုအပိမ့်တွေထွက်လာပြီး ယားတတ်တယ်ဆိုတာ မင်းမသိဘူးလား"

"ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး။ သူတို့လဲပါတယ်ဆရာမ"ဟုဆိုကာ ဘေးနားမှ သူ့သူငယ်ချင်းများကိုပါ အဖော်ညှိနေသော ကျော်ကျော့်ကို သူ့သူငယ်ချင်းများက ဘုကြည့်ကြည့်ကြလေတော့သည်။

"အေး ကျီစားသန်က ရန်များ၏လို့ မင်းတို့ကို ဆရာမဘယ်နှခါပြောရမလဲ။ မင်းတို့ အဲဒီလိုစနောက်နေတာ အခါတစ်ရာမကတော့ဘူး။ ပြဿနာဖြစ်ပြီဆိုတာနဲ့ ဘယ်သူတွေလဲ ဖေခင်မေးစရာမလိုဘူး။ မင်းတို့အဖွဲ့ပဲ။ ပြောလိုက်ရင် မတုန်မလှုပ်နဲ့"

ကျွန်မဆူပူနေသည်ကို သူကောင်းသားတွေက သူတို့ကို ပန်းနှင့်ပေါက်နေသည့်အလား ပြုံးစိစိလုပ်နေပြန်သည်။ ပြန်မပြောနားမထောင်နှင့် သူတို့စပ်ဖြဲဖြဲမျက်နှာများက ကျွန်မ၏ဒေါသမီးလျှံကို ပို၍ အရှိန်မြင့်သွားစေသောကြောင့် စားပွဲပေါ်မှကြိမ်တုတ်ကိုယူ၍ သူတို့၏ လက်ဖဝါးပေါ်သို့ ကြိမ်မိုးများအဆက်မပြတ်ရွာသွန်းကာ အခန်းထဲမှ ထွက်လာခဲ့တော့သည်။

"ဝုန်း"

"ဟဲ့ လန့်တာ မိဟန်နီရယ်"

လက်ထဲကစာအုပ်များကို စားပွဲပေါ်သို့ပစ်ချလိုက်သံကြောင့် ဘေးစားပွဲမှမနေခြည်က-

"ဟိုနောက်ဆုံးခုံက ကျောင်းသားတွေနဲ့ကျိုင်တက်လာတယ်မို့လား ဟန်နီ"

"သေချာတယ် မနေခြည်ရေ။ ညီမတော့အဲဒီကျောင်းသားတွေကို မျက်စိစပါးမွေးတော်တော်စူးနေပြီ"

"ဒါတောင် ဟန်နီက အတန်းပိုင်မို့နော်။ အစ်မ ရှေ့မှာစာရှင်းပြနေရင် သူတို့တွေနောက်မှာလုပ်ချင်ရာလုပ်နေကြတာ။ အရင်ကတော့ ဒေါသထွက်တယ်။ ဒါပေမဲ့ ကိုယ်သာဒေါသထွက်ပြီး အသက်ထွက်ချင်ထွက်သွားမယ်။ သင်းတို့အချိုးတွေက သိကြားမင်းဆင်းပြီးချွတ်ရင်တောင် ကျွတ်မှာမဟုတ်ဘူးဟန်နီရေ"

မနေခြည်စကားမဆုံးခင်မှာပင် ရှေ့စားပွဲတွင်ထိုင်နေသော ကြွယ်ကြွယ်ကလည်း-

"ဟုတ်တယ် မနေခြည်ရေ ကြွယ်လဲ အဲဒီလိုဒေါသထွက်ရတာပင်ပန်းလို့ ဥပေက္ခာကို ပြုထားလိုက်ပြီ။ ပညာကို တကယ်လိုချင်တဲ့ ကလေးတွေကိုပဲ ပေးလိုက်တော့တယ်"

ဤသည်ကား Grade-9 ကိုသင်သော ဆရာမများ၏ ကောင်းချီးသြဘာသံများပေတည်း။

(၂)

အတန်းပိုင်ဆရာမဆိုသည့်စိတ်ကလည်း မိမိအတန်းမှကလေးများကို အခြားဆရာများက ချီးမွမ်းသည်ကိုမှ နှစ်ခြိုက်ကြသည်မဟုတ်ပါလား။ အတန်းပိုင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆရာတိုင်းက မိမိတပည့်များကို လိမ္မာစေချင်ကြတာ ဓမ္မတာပင်။ ယခုတော့ တစ်နေ့တစ်မျိုးမရိုးရအောင် ပြဿနာကို မီးခွက်ထွန်းရှာနေကြသည့် သူ့အတန်းမှကျောင်းသားများကြောင့် သူမှာမျက်နှာပွင့်ရန်နေနေသာသာ "အဲဒီအတန်းလား။ သူတို့အတန်းပိုင်တောင် လက်မြှောက်ထားရပါတယ်ဆို"စသည့်စကားများကြောင့် အချိုးမပြေသည့် သင်းတို့ကိုမြင်လျှင် ဒေါသကအလိုလိုထွက်လာရပါတော့သည်။ ထိုကျောင်းသားများကို အမြင်မှန်ရလာအောင် ဘယ်လိုကိုင်တွယ်ရမလဲဟူသောအတွေးများနှင့် ညဉ့်နက်သည်ထိ အိပ်ရာထက်ဝယ် တလူးလူးတလိမ့်လိမ့်ဖြင့် သူအိပ်မပျော်နိုင်သေးပေ။ ညဘက်အိပ်ခါနီးမှာတောင် အတွေးထဲတွင် နှိပ်စက်နေကြသူများပါတကား။ သည်လိုနှင့်ပဲ တစ်နေ့တာကာလ အဆုံးသတ်ခဲ့ပြန်ပြီ။

နောက်နေ့နံနက် သူစာသင်ချိန်မှာတော့ ဒေါ်ဟန်နီတစ်ယောက် နည်းဗျူဟာအသစ်တစ်ခုကို စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။

"ကဲ. . . ဒီနေ့တော့ ဆရာမတို့ ဂိမ်းတစ်ခုကစားရအောင်။ အဲဒါဘာလဲဆိုတော့ ကိုယ့်ရဲ့ခံစားချက်တွေကို ရင်ဖွင့်တဲ့ကစားနည်းပဲ။ ဒါပေမဲ့ သားတို့၊ သမီးတို့က အဲဒီအကြောင်းအရာကို ပါးစပ်နဲ့ ပြောစရာမလိုဘူး။ စာရွက်နဲ့ပဲ ရေးပေးရမယ်။ အဲဒီစာတွေအားလုံးထဲက အကောင်းဆုံးရေးနိုင်တဲ့သူကို ဆရာမက ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မယ်။ ကိုယ့်စာရွက်ပေါ်မှာ ကိုယ့်နာမည်လေးတော့တပ်ခဲ့ကြနော်။ ကဲ. . . အဆင်သင့်ဖြစ်ရင် စလို့ရပြီ"

သူစကားဆုံးသည်နှင့်တစ်ပြိုင်နက် တစ်တန်းလုံး ခေါင်းမဖော်တမ်းရေးကြပါတော့သည်။

(၃)

ထိုနေ့ညက သူတော်တော်နှင့်အိပ်မပျော်နိုင်ခဲ့ပေ။ နံနက်က ကလေးများရေးသည့်စာများကို တစ်ရွက်ချင်းစီဖတ်၍ သူ ခံစားချက်မျိုးစုံ ခံစားရ၍ဖြစ်သည်။ အထူးသဖြင့် ကျော်ကျော်တို့အဖွဲ့ရေးထားသောစာများကား သူ့ရင်ကို တော်တော်ထိခိုက်နာကျင်စေသည်။ နောက်နေ့နံနက်မှာတော့-

"ကဲ. . . မနေ့က မင်းတို့ရေးခဲ့တဲ့ရင်ဖွင့်စာလေးတွေကို ဆရာမဖတ်ပြီးပြီ။ ဒီတော့ လူတိုင်းလူတိုင်းမှာ အဆင်မပြေမှုဆိုတာ အနည်းနဲ့အများတော့ရှိကြတာပဲမဟုတ်လား။ အဲဒါကို လောကဓံလို့ခေါ်တယ်ကွဲ့။ အဲဒီလိုလောကဓံတွေနဲ့ကြုံတွေ့လာတဲ့အခါ စိတ်ပျက်အားငယ်ပြီး ကိုယ့်ဘဝကို ဖြစ်ချင်ရာဖြစ်ရေစုန်မျောလိုက်မယ်ဆိုရင်ဘယ်သူပဲနစ်နာမလဲ။ အဲဒီဒုက္ခတွေကို ကိုယ့်ဘဝတက်လမ်းအတွက် လှေကားထစ်လိုအသုံးချလိုက်မယ်ဆိုရင်ကော ဘယ်သူ့အတွက် အကျိုးရှိလာမလဲ။ အဲဒီတော့ သားတို့၊ သမီးတို့မှာ ဘယ်လိုအခက်အခဲအတားအဆီးတွေရှိရှိ အကောင်းဆုံးနည်းလမ်းတွေနဲ့ ဖြေရှင်းနိုင်အောင် ကြိုးစားရမယ်နော်"

သူဆုံးမသည်ကို စိတ်ဝင်တစားနားထောင်နေကြသောကလေးများအနက် ကျော်ကျော်တို့အုပ်စု၏ မျက်ဝန်းများထဲတွင် အရည်ကြည်တချို့ ရစ်သိုင်းနေသည်ကို သူတွေ့လိုက်ရသည်။

ကလေးများ၏ ပင်ကိုအဖြူထည်စိတ်ဓာတ်လေးများတွင် ပေစွန်းနေသည့်အရောင်များကိုချွတ်ရန် သူ အားမွေးရပါဦးမည်။ သည်လိုနှင့် နောက်ရက်စာသင်ချိန်များမှာ ကလေးများ၏ဉာဏ်ရည်အလိုက် နားလည်လွယ်သည့် သင်ကြားနည်းများကိုရှာဖွေ၍ သင်ခြင်း၊ စိတ်ရှည်ရှည်နှင့် ကလေးများနားလည်အောင်ရှင်းပြခြင်း၊ ဒေါသဟူသမျှ မြူမှုန်မျှမထားတော့ခြင်း၊ မေတ္တာဖြင့်သာ ဆိုဆုံးမခြင်း၊ သူ၏အချိန်များမှ တချို့တစ်ဝက်ကို ကလေးများနှင့် စာကြည့်တိုက်တွင် ကုန်ဆုံးစေခြင်း၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၌ သူတို့ကိုဦးစားပေး၍ လုပ်စေခြင်း၊ နေရာပေးခြင်း၊ အရေးတယူဆက်ဆံခြင်း စသည်ဖြင့် မိမိလိုချင်သည့်ပုံစံရအောင် စနစ်တကျ ပျိုးထောင်ပေးခဲ့သည်။ တစ်နေ့မှာတော့-

"အမယ်လေး ကျားသားမိုးကြိုး မိဟန်နီရေ ညည်းအတန်းက ကျော်ကျော်တို့အုပ်စု စာတွေဘာတွေ လာပြလို့ပါလား"ဟု အံ့သြတကြီးဖြင့် သူ့ပခုံးကိုရိုက်ပြီး လာပြောနေသော မနေခြည်စကားကြောင့် သူပြုံးလိုက်မိသည်။

"ဟုတ်လား မနေခြည်။ ညီမကျောင်းထဲဝင်လာတော့လေ သူတို့အဖွဲ့ထဲကတစ်ယောက် ညီမဆွဲခြင်းလာဆွဲကူတယ်တော်ရေ့"ဟု ကြွယ်ကြွယ်ကပါ ထပ်ပြောပြန်ရာ သူကျေကျေနပ်နပ်ကြီးပြုံးလိုက်မိသည်။

တစ်ခါ မနေခြည်က-

"ဟန်နီ ညည်းကလေးတွေကို ဘယ်လိုတရားချလိုက်တာလဲ"ဟုမေးရာ ဒေါ်ဟန်နီက "ဒီလိုအစ်မရေ" ဟုဆိုကာ ကလေးများရေးသားထားသော ရင်ဖွင့်စာလေးများကို ပြလိုက်လေသည်။

(၄)

အရက်မူးလာတိုင်း အမေ့ကိုရိုက်နှက်ပြီး ပစ္စည်းတွေကိုပေါက်ခွဲတတ်တဲ့ အဖေ။ အဲဒီလိုအချိန်တွေဆို မောင်နှမတွေကြောက်ပြီး ချောင်မှာ ပုန်းငိုနေရတယ်။ ကျွန်တော် တစ်ခါတလေ အဖေးကိုထွက်ပြေးသွားချင်ပေမဲ့ အမေနဲ့ညီမလေးတွေကို သနားတယ်။

(ရေးသူ-ကျော်ကျော်)

မိထွေးဆိုတဲ့အတိုင်းပဲ သူကိုယ်တိုင် ဘာအလုပ်မှ မလုပ်ဘူး။ ကျွန်တော်တို့တွေပဲ လုပ်ရတယ်။ တစ်ခါတစ်ရံ မုန့်ဖိုးတောင်းတယ်။ မပေးဘူး။ အဖေ့ရှေ့ဆိုကောင်းပြတယ်။ အဖေ့ကွယ်ရာဆိုရင်တော့ ကျွန်တော်တို့မောင်နှမတွေ မျက်ရည်နဲ့ မျက်ခွက်ပဲ။

(ရေးသူ-ရဲရင့်)

သူများတွေ အဖေ၊ အမေခေါ်နေကြတဲ့အချိန်မှာ ကျွန်တော်ကတော့ အဖေ၊ အမေဆိုတာ ဖြူသလား၊ မည်းသလားမသိဘဲ ကြီးပြင်းခဲ့ရတယ်။ သူများပေးစာ၊ ကမ်းစာတွေနဲ့ရှင်သန်နေရတော့ သူများရဲ့အနိုင်ကျင့်မှုတွေကိုခံနေရတာ ခဏခဏပဲ။ အဲဒီဘဝကနေ ကျွန်တော်ရုန်းထွက်ချင်တယ်ဗျာ။

(ရေးသူ-ဝေယံ)

အိမ်ခေါင်မိုးက ယိုကျနေတဲ့ မိုးပေါက်တွေက နေရာအနှံ့။ အိမ်ရှေ့မှာက ရောဂါသည်အမေ။ အဖေက မူးယစ်ဆေးဝါးမှုနဲ့ ထောင်ကျသွားတာကြာပြီ။ သားအကြီးဖြစ်တဲ့ကျွန်တော် ညီ၊ ညီမလေးတွေအတွက် ကျောင်းဆက်မတက်ဘဲ အလုပ်သွားရှာချင်ပြီ။

(ရေးသူ-သီဟ)

(၅)

ရင်ဖွင့်စာလေးတွေဖတ်ပြီးသည်နှင့် ဆရာမများလည်း ကျွန်မနည်းတူ စိတ်မကောင်းခြင်းများစွာ၊ နောင်တများစွာရသွားကြသည်ထင်။ ကလေးများ၏ အိမ်တွင်းရေးပြဿနာများကို စိတ်ဝင်စားမှုတစ်စုံတစ်ရာမရှိခဲ့ပါဘဲ၊ ကလေးများ၏ စိတ်ကျန်းမာရေး အခြေအနေကို မလေ့လာမဆန်းစစ်ပါဘဲ မိမိစာသင်သည်ကို ဂရုမစိုက်တိုင်း စာစိတ်မဝင်စားရကောင်းလား၊ မလိမ္မာရကောင်းလားဆိုပြီး ဒေါသထွက်ဆူဆဲအော်ငေါက်ရိုက်နှက်ခဲ့မိသမျှကိုပြန်တွေးရင်း ဆရာမတိုင်း၏ မျက်ဝန်းအိမ်၌ ကရုဏာမိုးများ အပြိုင်ရွာသွန်းလျက် "အခုတော့ ကျွန်မသိပြီ"ဆိုသည့်အတိုင်း ဆရာဟူသည် စာသင်ရုံချည်းသာမဟုတ်ဘဲ ကလေးများ၏ စိတ်ကျန်းမာရေးအခြေအနေကိုပါ လေ့လာထားသင့်ရန်လိုကြောင်း၊ ကလေးများစိတ်ကျန်းမာရေးမကောင်းလျှင် သင်ကြားသင်ယူမှု မပေါက်မြောက်နိုင်ကြောင်း၊ မိသားစုအခြေအနေ၊ အသက်အရွယ်နှင့် ဉာဏ်ရည်အနိမ့်အမြင့်များကိုပါ သိထားရန်လိုကြောင်း၊ မေတ္တာငတ်မွတ်နေသူများကို မိဘလိုတစ်သွယ်၊ မောင်နှမလိုတစ်မျိုး မေတ္တာပေးရန်လိုအပ်ကြောင်း၊ ဆရာနှင့်တပည့် တိုင်တိုင်ပင်ပင် ရင်းရင်းနှီးနှီးဖြင့် ရင်ဘတ်ချင်းနီးရန်လိုကြောင်း စသည့်အသိတရားများက ဒေါ်ဟန်နီတစ်ယောက်တည်းကိုသာမက အခြားဆရာမများကိုပါ လမ်းပြနိုင်ခဲ့ပြီမဟုတ်ပါလား။ အကယ်၍ ကလေးများ၏ ရင်ဖွင့်စာလေးများကိုသာ သူတို့အားလုံးဖတ်ခွင့်မရခဲ့ပါလျှင် ထိုကလေးများကို စုန်းပြူးများအဖြစ်နှင့်သာ ဆက်၍မြင်နေဦးမည်ဖြစ်သည်။ ယခုမူကား ထိုရင်ဖွင့်စာလေးများမှပေးသောအသိတရားများဖြင့် ပွင့်သောပန်းတိုင်းကို မွှေးစေခဲ့သည်မို့ ဒေါ်ဟန်နီတစ်ယောက် ပီတိမျက်ရည်များကြားမှ ကျေကျေနပ်နပ်ကြီးပြုံးနေမိပါတော့သည်။

# ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ၉၆၁၄ ဧကထိ ရိတ်သိမ်းပြီးစီး



**ငပုတော ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ၉၆၁၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၄၀၂၃ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၆၁၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းနေသည့် စပါးတစ်ဧကလျှင် ၈၂ ဒသမ ၈၇တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီက ငရုတ်ကောင်းမြို့အနေနဲ့ စပါး ၁၄၀၂၃ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ စပါး ၉၆၁၄ ဧက ရိတ်သိမ်းပြီးပါပြီ။ မိုးစပါးတွေ အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ဖို့၊ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးရေးနည်းပညာတွေနဲ့ မိုးစပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းပညာပေးတာတွေဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလဲ ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ဖို့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးများ အလေအလွင့်မရှိ ပြန်လည်ရိတ်သိမ်းနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနစသည့်ဌာနများနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်နေကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မချမ်းဘောမြို့နယ် နမ်ဘူယာန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**မချမ်းဘော ဇန်နဝါရီ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် နမ်ဘူယာန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုး၊ မြို့နယ် ဦးစီးမှူး ဦးစောသီဟ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ နမ်ဘူယာန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့်လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

နမ်ဘူယာန်ကျေးရွာ၌ လမ်းအရှည် နှစ် မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ် ပေ၊ သဲကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေကျပ် ၂၀၂ ဒသမ ၉၅ သန်းဖြင့် ထူးထက်အောင်ကုမ္ပဏီက ၂၀၂၃ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မိုးထံမှ သိရသည်။ **သက်မာ**



# လူဖြစ်ခြင်း အဓိပ္ပာယ်ရှိစေ

\- ငယ်ရွယ်ဂုဏ် အလှတရား
ရွှေငွေများ ဆင်သသော်
သင်းပျံ့ဂုဏ်ကျော်၊
ပညာမြင့် စည်းစိမ်ပေါ်
ရာထူးတော် အဆင့်တန်း၊
ပြီးပြည့်စုံ လူ့ဘဝ၌
လှပတင့်ဆန်း။

\- စေတနာ မေတ္တာပန်း
ချစ်သဒ္ဒါလွှမ်း ဆွေသဟာ
ကောင်းကျိုးစေကာ၊
ရိုးဖြောင့်မှု အဆင်တန်ဆာ
အကြင်နာ မြတ်နှလုံး၊
နှုတ်ထွက်ချို ပြုသမျှ
လှပအပြုံး။

\- ဓမ္မအညီ မြသီကုံးလို့
သက်တစ်ဆုံး ပျော်ရွှင်မယ်
အကုသိုလ်ဖယ်၊
လူဖြစ်ခြင်း အဓိပ္ပာယ်
ကောင်းရိပ်ကြွယ် ရှိစေကြောင်း၊
မြဲတစေ အေးသမှုနှင့်
တွေးရှုစိတ်ကောင်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# မင်းလှမြို့နယ် စီးကျေးရွာ၌ ဆင္မမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီးကျေးရွာ၌ ဆင္မမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စီးကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၆၂ဦးကို ငွေကျပ် ၄၂ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၁ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ပင်းတယမြို့နယ် ကျားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**ပင်းတယ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားကုန်းကျေးရွာမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်း၊ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျားကုန်းကျေးရွာ၌ လမ်းအရှည် တစ် မိုင် ခုနစ် ဖာလုံ၊ အကျယ် ၁၂ပေ၊အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၄၃၃ သန်းဖြင့် တင်ဒါ အောင်မြင်သည့် သော်တာညို ကုမ္ပဏီ၊ ABRD ကုမ္ပဏီ၊Great 7 Rays ကုမ္ပဏီနှင့် Treasure Inle ကုမ္ပဏီတို့က ၂၀၂၃ခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်းထံမှ သိရသည်။

**ရှိုးသန်းဥန့်**

# သက်ရှည်ကျန်းမာဖို့ ပုံမှန်လမ်းလျှောက်ကြပါစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြသည်။ "အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ လူတို့သည် ကျန်းမာရေး တန်ဖိုးကို မကျန်းမာသည့်အချိန်မှသာ သိရှိကြသည်။ ငွေကြေးမနေ မည်မျှပင်ကြွယ်ဝပိုင်ဆိုင်နေစေကာမူ ကျန်းမာရေးချို့ယွင်းနေသူတစ်ဦး၏ဘဝသည် အဓိပ္ပာယ်မဲ့နေတတ်သည်။ လူတိုင်းသည် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေထိုင်လိုကြသည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်လေ့မရှိကြပေ။ စိတ်အလိုလိုက်ပြီး စားသောက်နေထိုင်တတ်ကြသည်။ ရလဒ်အနေဖြင့် ကျန်းမာရေးချို့ချာလာပြီး လူ့လောကမှ အချိန်မတိုင်မီထွက်ခွာသွားကြရသည်။

**တစ်နေ့စ်ပတ်လုံးလမ်းလျှောက်သင့်**

လူတိုင်း တစ်ရက်တွင် အချိန် ၂၄ နာရီစီ အညီအမျှရရှိထားကြသည်။ ထို ၂၄ နာရီထဲမှ မိနစ် ၃၀ ခန့် ရအောင်ယူပြီး လမ်းလျှောက်နိုင်မည်ဆိုလျှင် သက်ရှည်ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်လမ်းလျှောက်ဖြစ်အောင်ကြိုးစားကြည့်စေချင်သည်။ တချို့သောသူများသည် လမ်းလျှောက်ခြင်းကို ဆောင်းရာသီရောက်ရှိမှသာ ပြုလုပ်ရသည်ဟုယူဆထားကြသည်။ အမှန်စင်စစ်မှာမူ လူတစ်ဦးသည် ကျန်းမာပျော်ရွှင်သောဘဝကိုပိုင်ဆိုင်နိုင်ရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး ပုံမှန်လမ်းလျှောက်သွားသင့်သည်။ စီးပွားဥစ္စာမည်မျှပင် ကြွယ်ဝနေစေကာမူကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း "လက်ရှိအချိန်၌ ဆောင်းရာသီကာလ လူထုစုပေါင်းအားကစား ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားမှုများကိုတွေ့မြင်ရပြီး စုပေါင်းအားကစားလှုပ်ရှားမှုမှသည် လူတိုင်း၏ ကျန်းမာကြံ့ခိုင်ရေးသို့ ဖော်ဆောင်ပေးရန်လိုကြောင်း၊ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားရာသီ၊ အားကစားလှုပ်ရှားမှုမှသည် တစ်နှစ်ပတ်လုံး ကိုယ်လက်ကြံ့ခိုင်ရေးကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း" ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)တွင် ပြောကြားသွားခဲ့သည်။

အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော မြို့ပြနေရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသက် ၃၀ ကျော်လာသူများသည် နေ့စဉ် လမ်းလျှောက်သည့်လေ့ကျင့်ခန်း ပုံမှန်လုပ်သင့်ပေသည်။ နေ့စဉ်လုပ်ငန်းတာဝန်များကို စိတ်ဓာတ်တက်ကြွစွာဖြင့် စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်သည် စိတ်နှလုံးရွှင်လန်းချမ်းမြေ့မှုရှိနေရန် လိုအပ်ပေသည်။ စိတ်ရွှင်လန်းတက်ကြွနေစေရန်အတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုပြုလုပ်ရန် လိုအပ်သည်။ ထိုသို့ ကိုယ်လက်လှုပ်ရှားမှုအတွက် ငွေကြေးကုန်ကျမှုမရှိသည့် ရိုးရှင်းသောအားကစားနည်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိသည့် ကျန်းမာရေးကို အထောက်အကူပြုသော လေ့ကျင့်ခန်းပုံစံပင်ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် လွတ်လပ်လွယ်ကူစွာဆောင်ရွက်နိုင်သဖြင့် အသက်အရွယ်မရွေးလုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းလည်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လမ်းလျှောက်ခြင်းသည် အကျိုးကျေးဇူးများစွာရရှိနိုင်ပါသည်။

**❖ လူသားတို့သည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား နေကြရသည်။ ထိုသို့ ရုန်းကန်နေကြရသဖြင့် တစ်ကိုယ်ရေကျန်းမာရေးကို မေ့လျော့လာတတ်ကြသည်။ အကျိုးဆက်အနေဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေးဖက်နာ၊ အသည်းအဆီဖုံး စသည့်ရောဂါတစ်မျိုးမျိုးဖြစ်လာတတ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေနိုင်ရန် အတွက် နေ့စဉ် အနည်းဆုံး မိနစ် ၃၀ ခန့် လမ်းလျှောက်သင့်သည်။ ကျန်းမာခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာနေသူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်ပါသည်။ ❖**

**နှလုံးအားကောင်းစေခြင်း**

ပုံမှန်လမ်းလျှောက်ခြင်းသည် နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ရောဂါဖြစ်ပွားနိုင်မှုအလားအလာကို လျှော့ချနိုင်ခြင်း၊ သွေးကြောများကြပ်ဆက်မာကြောမှုဖြစ်ပေါ်စေနိုင်သည့် သွေးထဲရှိ ကိုလက်စထရောများကို လျှော့ချစေနိုင်ခြင်း၊ ထို့ပြင် နှလုံးခုန်နှုန်းပုံမှန်ဖြစ်လာစေခြင်း၊ သွေးလည်ပတ်မှုစနစ်များကို ပုံမှန်အလုပ်လုပ်စေသည့် သွေးများထုတ်လွှတ်ပေးခြင်း၊ မိနစ် ၃၀ ခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးတိုးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်းနှင့် လေဖြတ်နိုင်မှုအလားအလာကို ၂၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ဟု ဆေးပညာရှင်များက ဆိုထားသည်။

**အထွေထွေရောဂါဖြစ်ပွားမှုလျှော့ချနိုင်ခြင်း**

လမ်းလျှောက်ခြင်းသည် နှလုံးရောဂါကိုကာကွယ်နိုင်သည့်အပြင် ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် အချို့သောကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်မှုကိုပင် လျှော့ချနိုင်ခြင်း၊ ဆီးချိုရောဂါကုသရာတွင် အထောက်အကူဖြစ်ခြင်း၊ ပုံမှန်လမ်းလျှောက်လျှင် ရောဂါဖြစ်ပွားမှု ၆၀ ရာခိုင်နှုန်းထိ လျော့ကျစေနိုင်သည့်အပြင် အူမကြီး၊ ရင်သားနှင့် ဝမ်းဗိုက်တို့တွင် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုအလားအလာကိုပင် ၂၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်။

**ခန္ဓာကိုယ်အလေးချိန်ထိန်းထားနိုင်ခြင်း**

ခန္ဓာကိုယ်အလေးချိန် လျှော့ချနိုင်ရန်အတွက် နေ့စဉ်စားသုံးထားသည့် ကယ်လိုရီများ လောင်ကျွမ်းကုန်ဆုံးသွားရန် လိုအပ်သည်။ ကယ်လိုရီများ လောင်ကျွမ်းကုန်ဆုံးရန် ရိုးရှင်းလွယ်ကူသည့် နည်းလမ်းသည် နေ့စဉ်ခပ်မြန်မြန်လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကြွက်သားများကို တောင့်တင်းသန်မာလာစေပြီး အစာခြေမှု၊ စွန့်ထုတ်မှု စသည့်ဇီဝဖြစ်စဉ်များ ပိုမိုလျင်မြန်လာစေသဖြင့် အနားယူနေသည့်တိုင်အောင် ကယ်လိုရီများကိုလောင်ကျွမ်းစေနိုင်သည်။ ထို့ကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ပေသည်။

**သူငယ်ပြန်ရောဂါကာကွယ်နိုင်ခြင်း**

အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို ၁၄ ဦးတွင် တစ်ဦးခန့်နှင့် အသက် ၈၀ နှင့်အထက် ခြောက်ဦးတွင် တစ်ဦးခန့်သည် သူငယ်ပြန်ရောဂါခံစားရလေ့ရှိသည်ဟုဆိုသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် ဦးနှောက်လုပ်ငန်းစဉ်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ပေးနိုင်သည့်အပြင် သူငယ်ပြန်ရောဂါဖြစ်ပွားနိုင်မှုကို ၄၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခြင်းနှင့် ရက်သတ္တတစ်ပတ်လျှင် ခြောက်မိုင် သို့မဟုတ် ထို့ထက်ပို၍ လမ်းလျှောက်သည့် သက်ကြီးရွယ်အိုတစ်ဦးသည် ဦးနှောက်ကျုံ့လာခြင်းကို ရှောင်ရှားနိုင်သဖြင့် မှတ်ဉာဏ်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်သည်။

**အရိုးပွရောဂါကာကွယ်နိုင်ခြင်း**

လမ်းလျှောက်ခြင်းသည် အရိုးများက ခန္ဓာကိုယ်အလေးချိန်ကို သယ်ဆောင်သည့် လှုပ်ရှားမှုလေ့ကျင့်ခန်းတစ်ရပ်လည်းဖြစ်နေသောကြောင့် ကျောရိုးများကိုသန်မာတောင့်တင်းစေခြင်း၊ အထူးသဖြင့် အမျိုးသမီးများကို ပိုမိုအကျိုးပြုနေခြင်းနှင့် အရိုး၊ အဆစ်များသန်မာစေနိုင်သောကြောင့် အရိုးပွရောဂါမျိုးကို ကာကွယ်ပေးနိုင်သည်။

**ကိုယ်ခံစွမ်းအားတိုးမြှင့်ပေးနိုင်ခြင်း**

ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် သဘာဝမှ စွမ်းအင်ထုတ်လုပ်နိုင်သည့် နည်းလမ်းများအနက် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ ထိုသို့ ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှုမြန်ဆန်လာပြီး ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အသီးသီးကို အောက်ဆီဂျင်အပြည့်အဝထောက်ပံ့ပေးနိုင်သဖြင့် ပိုမိုတက်ကြွလန်းဆန်းလာစေသည်။ ထို့ပြင် တောင့်တင်းနေသောအရိုး၊ အဆစ်များနှင့် ကြွက်သားများ ပြေလျော့လာသောကြောင့် နာကျင်ကိုက်ခဲမှု ခံစားချက်များကို လျှော့ချစေနိုင်သည်။

**ခြေထောက်များ၏လှုပ်ရှားမှုဟန်ချက်ထိန်းနိုင်ခြင်း**

နည်းစနစ်မှန်ကန်စွာ လမ်းလျှောက်ခြင်းသည် ခြေထောက်များကြံ့ခိုင်သန်မာလာပြီး ခြေသလုံးကြွက်သားများ၊ တံကောက်ကြောများကို သန်မာစေနိုင်ခြင်း၊ အထူးသဖြင့် တောင်တက်သည့်အခါ တင်ပါးဆုံကြွက်သားများကိုမြှင့်တင်ပေးနိုင်ခြင်းနှင့် လမ်းလျှောက်သည့် အနေအထားကို စနစ်တကျအာရုံစိုက်ပြီး လေ့ကျင့်သွားမည်ဆိုလျှင် ခန္ဓာကိုယ်ကျစ်လျစ်သွယ်လျစေနိုင်ပါသည်။

**လက်မောင်းများတောင့်တင်းသန်မာလာခြင်း**

လမ်းလျှောက်မှုအရှိန်ကို လက်မောင်းများမှ တစ်ဆင့် မြှင့်တင်ပေးနိုင်သည်။ လမ်းလျှောက်စဉ် လက်မောင်းနှစ်ဖက်ကို သက်သောင့်သက်သာထားပြီး တံတောင်ဆစ်မှ ကွေးညွှတ်ကာ ရှေ့၊ နောက် အပြည့်လွှဲယမ်းပေးမည်ဆိုလျှင် အလိုအလျောက် မြန်လာမည်ဖြစ်သည်။ ဤကဲ့သို့ ဟန်ချက်ညီညီ လမ်းလျှောက်မှုသည် လက်မောင်းများ၊ ပခုံးများနှင့် နောက်ပိုင်းကျောရိုးများကို တောင့်တင်းသန်မာလာစေနိုင်သည်။

**ဗီတာမင်ဒီသို့လှောင်နိုင်မှုမြှင့်တင်ပေးနိုင်ခြင်း**

နေရောင်ခြည်အောက်တွင် လမ်းလျှောက်ပါက ခန္ဓာကိုယ်အတွင်း ဗီတာမင်ဒီသိုလှောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ဗီတာမင်ဒီကို အစားအသောက်မှရရှိရန်ခက်ခဲသော်လည်း နေရောင်ခြည်နှင့်ထိတွေ့ပါက ပေါင်းစပ်ထုတ်ယူနိုင်သည်။ ဗီတာမင်ဒီသည် ကျောရိုးမကြီးကို ကြံ့ခိုင်သန်မာစေသည့်အပြင် ခန္ဓာကိုယ်ခုခံအားအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် အာဟာရဓာတ်တစ်မျိုးလည်းဖြစ်သည်။ အနည်းငယ်နေပူဆာလှုံပေးခြင်းသည် လုံလောက်သောဗီတာမင်ဒီ ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ဆေးပညာရှင်များက အကြံပြုထားသည်။

**ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်ခြင်း**

ကိုယ်လက်လှုပ်ရှားခြင်းသည် တွေးခေါ်မြော်မြင်နိုင်စွမ်းကို တိုးတက်အောင်ဆောင်ရွက်နိုင်သည်ဆိုသောအချက်မှာ မငြင်းပယ်နိုင်သောအမှန်တရားပင်ဖြစ်သည်။ ခပ်သွက်သွက်လမ်းလျှောက်သည့် လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ခြင်းသည် စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းကဲ့သို့သော ညှိုးနွမ်းထိုင်းမှိုင်းနေမှုများကို ကာကွယ်ရာတွင် ထိရောက်သည့်နည်းလမ်းတစ်ခုပင်ဖြစ်သည်။ တက်ကြွသည့် ကိုယ်လက်လှုပ်ရှားမှုသည် သွေးကြောများအတွင်းသို့ ကောင်းမွန်သော စိတ်ခံစားချက်များ ထုတ်လွှတ်ပေးသဖြင့် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုတို့ကို လျှော့ချပေးနိုင်သည်။

လူမှုရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများကို မကြာခဏလုပ်ဆောင်သင့်ပြီး စုပေါင်းလမ်းလျှောက်ခြင်း သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများနှင့်တွေ့ဆုံပြီး ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုခြင်းသည် အထီးကျန်ဆန်မှုနှင့် အဖော်မဲ့မှုခံစားချက်များကို ဖယ်ရှားပစ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ စိတ်ရောဂါခံစားနေရသူများကိုပင်လျှင် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည်။ နေအိမ်ပြင်ပတွင် ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်ပြီး အစိမ်းရောင်ရှုခင်းများကို ကြည့်ရှုခံစားခြင်းသည်လည်း သက်ရှည်ကျန်းမာမှုအတွက် အကြီးမားဆုံးသောအကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

**သက်ရှည်ကျန်းမာဖို့ ပုံမှန်လမ်းလျှောက်ကြပါစို့**

မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသည့်ပြည်သူများအတွက် ကံကောင်းသည့်အချက်သည် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို နေရာမရွေး၊ အချိန်မရွေး ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများ လက်တစ်ကမ်းတွင်ရှိနေခြင်းပင်ဖြစ်သည်။ ရုံးချိန်ပြင်ပတွင် လမ်းလျှောက်ခြင်းအပါအဝင် အခြားသောကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို ငွေကြေးကုန်ကျမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်နိုင်သည်။ နေ့စဉ် မိနစ် ၃၀ ခန့်လမ်းလျှောက်ခြင်းသည် အကျိုးများစွာရရှိနိုင်သဖြင့် ပျော်ရွှင်သောမိသားစုဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် လူသားတို့သည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထိုသို့ ရုန်းကန်နေကြရသဖြင့် တစ်ကိုယ်ရေကျန်းမာရေးကို မေ့လျော့လာတတ်ကြသည်။ အကျိုးဆက်အနေဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေးဖက်နာ၊ အသည်းအဆီဖုံး စသည့်ရောဂါတစ်မျိုးမျိုးဖြစ်လာတတ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေနိုင်ရန်အတွက် နေ့စဉ် အနည်းဆုံး မိနစ် ၃၀ ခန့် လမ်းလျှောက်သင့်သည်။ ကျန်းမာခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာနေသူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်ပါသည်။ လူတစ်ဦးသည် ကိုယ်လက်လှုပ်ရှားအားကစား လုပ်ဆောင်မှုနည်းပါးခြင်းကြောင့် နှလုံး၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာနှင့် စိတ်ကျရောဂါများ ဖြစ်ပွားလာနိုင်ပေသည်။ ရောဂါတစ်မျိုးမျိုးခံစားနေရသူတစ်ဦးသည် လူဖြစ်ရှုံးပြီး လူ့လောကကြီးမှ အချိန်မတိုင်မီထွက်ခွာသွားရမည်ဖြစ်သည်။ ထို့ပြင် သူချစ်သောမိသားစုများကိုလည်း စောစီးစွာခွဲခွာသွားရမည်ဖြစ်သည်။ လူတိုင်း ထိုအဖြစ်မျိုးမကြုံရလေအောင် ကျန်းမာရေးအတွက် နေ့စဉ်ပုံမှန်လမ်းလျှောက်ကာ သက်တမ်းစေ့နေထိုင်သွားကြပါစို့ဟု စေတနာဖြင့် အကြံပြုတိုက်တွန်းသွားလိုပါသည်။

# ကန့်ကြီးထောင့်မြို့နယ်တွင် မိုးစပါးဧက ၁၃၀၂၇၀ ရိတ်သိမ်းပြီးစီး



**ကန့်ကြီးထောင့် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးဧက ၁၃၀၂၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါး ၁၄၃၉၈၈ ဧကကို ၂၀၂၃ ခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၃၀၂၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါးများ တစ်ဧကလျှင် ၈၈ ဒသမ ၉ တင်းထိထွက်ရှိကြောင်းသိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ကြီးထောင့်မြို့နယ်အနေနဲ့ မိုးစပါး ၁၄၃၉၈၈ ဧကထိစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိတော့ ဧက ၁၃၀၂၇၀ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ လက်ရှိ ရိတ်သိမ်းနေတဲ့ မိုးစပါးတွေ စိုက်ပျိုးခဲ့တဲ့ရာသီမှာ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ ရိတ်သိမ်းနေသည့် မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ရွှေ့ခရုအန္တရာယ်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ထွက်ရှိလာသည့် စပါးများ အရည်အသွေး ကောင်းမွန်စေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နမ့်နန်းရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်နန်းရှမ်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နမ့်နန်းရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်နန်းရှမ်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ်သိန်း ၂၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ်သိန်း ၁၇၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၇၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

# ကလေးခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၆၆၈၄ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၆၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၅၁၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၆၆၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ကလေးခရိုင်မှာဟင်းသီးဟင်းရွက်သီးနှံဧက ၁၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိဧက ၁၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တာပါ။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေ ဖြစ်ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။



ကလေးခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၀၂၂၉ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၂၀၈၀ နှင့် မင်းကင်းမြို့နယ်တွင် ၄၃၇၅ ဧက စုစုပေါင်း ၁၆၆၈၄ ဧက တို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၅၉၈ ဧက၊ ကလေးဝမြို့နယ်တွင် ၂၆၉၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၉၀၂ ဧက စုစုပေါင်း ၁၅၁၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့ စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သံဖြူဇရပ်မြို့နယ် ဝယ်ဝင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် ဇန်နဝါရီ ၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝယ်ဝင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်းသိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ဝယ်ဝင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးရွာပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ခံစားပိုင်ခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ပြောကြားသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝယ်ဝင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝယ်ဝင်ကျေးရွာရှိ နေကြာသီးနှံအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသော အသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၁၀၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# အင်္ဂပူမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**အင်္ဂပူ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တဲကြီးကုန်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တဲကြီးကုန်းကျေးရွာတွင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တဲကြီးကုန်းကျေးရွာတွင် အရှည် ပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၃၀ အသုံးပြု၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် တဲကြီးကုန်းကျေးရွာရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် သွားလာရေးအဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှ ထွက်ရှိလာသော လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ပြောပြ၍ သိရသည်။

**သံသာ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဆေးတံထုတ်ရာ ရွာလွတ်ရွာ

**သက်နိုင်(ပြင်ဦးလွင်)**

မွန်ပြည်နယ် မော်လမြိုင်မြို့တစ်ဖက်ကမ်းမှာ ရှိတဲ့ ဘီလူးကျွန်းကို သွားရောက်လေ့လာလည်ပတ်ဖို့ စီစဉ်ခဲ့တာကြာပါပြီ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ အခက်အခဲတွေကြောင့် အခုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ရတယ်။ သွားရောက်လေ့လာလည်ပတ်လိုတဲ့အကြောင်းရင်းက ဆေးတံထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ကျောက်သင်ပုန်း၊ ကျောက်တံနဲ့ အခြားလက်မှုထွက်ကုန်လုပ်ငန်းတွေကို လေ့လာကြည့်ရှုလိုတဲ့အပြင် မရောက်ဖူးသေးတဲ့ဒေသတစ်ခုမှာ ဒေသန္တရဗဟုသုတတွေ ရှာမှီးလိုတာပါ။ ဒါ့ပြင် ဒီထက်ပိုမိုပြီးရောက်လိုချင်တဲ့ဆန္ဒတစ်ခုလဲ ရှိနေပါသေးတယ်။ လူမှုကွန်ရက် အင်တာနက်စာမျက်နှာတွေပေါ်မှာ မကြာခဏ တွေ့မြင်ရလေ့ရှိနေတဲ့ ကြည်နူးဖွယ်မြင်ကွင်းတွေကြောင့် ဖြစ်ပါတယ်။ အကြောင်းအရာက ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်မှာ မနက်ခင်း သံဃာတော်တွေ တန်းစီပြီး ဆွမ်းခံကြွလာရင် လမ်းပေါ်မှာ သွားလာနေသမျှ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး အစရှိတဲ့ယာဉ်တွေနဲ့အတူ ယာဉ်ပေါ်မှာမောင်းနှင်လိုက်ပါလာကြသူအားလုံးက အောက်ကိုဆင်းပြီး ဒူးတုပ်လက်အုပ်ချီကြည်ညိုနေကြတာ သံဃာတော်တန်း အစကနေဆုံးတဲ့အထိပါ။ သံဃာတော်တန်းဆုံးသွားမှ မိမိတို့သွားလိုရာကို ဆက်လက်သွားရောက်ကြတယ်။ ကြည်နူးဖွယ်ရာအပြင် ဂုဏ်ယူဝင့်ကြွားဖွယ်၊ စိတ်ဝင်စားဖွယ်၊ အတုယူဖွယ်၊ လေးစားအားကျဖွယ် မြင်ကွင်းတစ်ခုဖြစ်ပါတယ်။

ဘီလူးကျွန်းပေါ်က ဒီလိုမြင်ကွင်းမျိုးကို အင်တာနက်စာမျက်နှာတွေပေါ်မှာသာမက လူကိုယ်တိုင် ရောက်ရှိပြီး ကြည်ညိုခံစားလိုစိတ်တွေ ဖြစ်ပေါ်ခဲ့တာကြာမြင့်ခဲ့ပါပြီ။ ဒါကြောင့်လဲ မရောက်ရောက်အောင် ကြိုးစားလာခဲ့ရတယ်။ မိမိတို့ခရီးဖော်တွေ မနက်စောစောကတည်းက အိပ်ရာထခဲ့ကြပြီး မော်လမြိုင်မြို့ကနေ ဘီလူးကျွန်းပေါ်ကို ရောက်ရှိလာခဲ့ကြတယ်။ ကျွန်းပေါ်ကိုရောက်ရောက်ချင်း ကညော်ရွာက ကော့ရွဲစေတီတော်ကြီးကို ဖူးမြော်အပြီး ကျောက်သင်ပုန်း၊ ကျောက်တံတွေထုတ်လုပ်တဲ့ မုဒ္ဒန်းရွာထိပ်ကို ရောက်ရှိနေကြပါပြီ။ ရွာထိပ်မှာရှိတဲ့ ကျောက်သင်ပုန်းဆိုင်းဘုတ်ကြီးကို မှတ်တမ်းဓာတ်ပုံရိုက်၊ အနီးနားကပ်လျက်မှာရှိနေတဲ့ ဒေသထုတ်ကုန်အရောင်းဆိုင်တစ်ဆိုင်ကို ဝင်ရောက်ကြည့်ရှုလေ့လာအပြီးမှာ မုဒ္ဒန်းရွာအတွင်းကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ရွာအတွင်းဆိုပေမဲ့ သီးခြားလမ်းခွဲတစ်ခုကနေ ချိုးကွေ့ဝင်ရောက်သွားရတာမျိုး မဟုတ်ဘဲ မုဒ္ဒန်းရွာက ကျွန်းပတ်လမ်းမကြီးပေါ်မှာ တည်ရှိနေတယ်။ လူနေအိမ်ခြေတိုက်တာအဆောက်အအုံတွေနဲ့ ဈေးဆိုင်ကြီး၊ ဈေးဆိုင်ငယ်တွေကလဲ လမ်းမကြီး ဝဲ၊ ယာတစ်လျှောက်မှာပါ။

ခေတ်မီအိမ်ကြီးအိမ်ကောင်းတွေ၊ အဆောက်အအုံတွေများစွာနဲ့ ဖွံ့ဖြိုးနေပြီဖြစ်တဲ့ မုဒ္ဒန်းရွာကို ကားမောင်းနေရင်းနဲ့မြင်တွေ့နေရတယ်။ တွေ့မြင်ဖူးမြော်ချင်နေတဲ့ ဆွမ်းတော်ခံသံဃာတန်းကိုတော့ မတွေ့မမြင်ရသေးပါဘူး။ မြို့တစ်မြို့လို တိုးတက်စည်ကားနေတဲ့ မုဒ္ဒန်းရွာအတွင်းကို ဝင်ရောက်လာတဲ့ မိမိတို့ခရီးစဉ်မှာ ပါရှိသွားရောက်ကြရမဲ့ ကျောက်သင်ပုန်းတောင်ရှိရာကို မေးမြန်းစုံစမ်းရတယ်။ ဘီလူးကျွန်းရဲ့ နာမည်ကျော် ကျောက်သင်ပုန်းတောင်က မုဒ္ဒန်းရွာအတွင်း ဘုန်းတော်ကြီးကျောင်းတွေကြား၊ လမ်းကျဉ်းကလေးတွေကနေ အဆင့်ဆင့်ချိုးကွေ့မောင်းနှင်သွားရတယ်။ ဒါပေမဲ့ တောင်ခြေကိုရောက်တာနဲ့ တောင်တက်လမ်းက မတ်စောက်ကြမ်းတမ်းကြောင်း၊ တောင်ပေါ်မှာလဲ ဘာမှမရှိကြောင်း၊ အလုပ်စခန်းတွေ၊ အလုပ်သမားတွေ နားနေကြကြောင်း၊ သင်ပုန်းကျောက်တွေကို တူးဖော်ထုတ်လုပ်တဲ့နေရာတွေမှာလဲ ပေအနက် ၂၀၀ ကျော်ရှိနေပြီဖြစ်တဲ့ တွင်းကျင်းကြီးတွေထဲကနေ ထုတ်လုပ်ရယူနေရပြီဖြစ်ကြောင်း သိလိုက်ရတာနဲ့ တောင်ပေါ်ကို မသွားကြတော့ဘဲ ကျောက်သင်ပုန်းထုတ်လုပ်တဲ့လုပ်ငန်းတွေရှိတဲ့ ရွာအတွင်းကို ပြန်လည်မောင်းနှင်လာခဲ့ရတယ်။

ကျောက်သင်ပုန်းလုပ်ငန်းတွေက ရွာအတွင်း၊ ကျွန်းပတ်လမ်းပေါ်မှာရှိနေလို့ အလွယ်တကူဝင်ရောက်လေ့လာနိုင်ကြတယ်။ ထုတ်လုပ်နေတဲ့ ကျောက်သင်ပုန်းတွေက အရွယ်အစားအမျိုးမျိုးပါ။ သင်ပုန်းကျောက်တောင်ကနေ စတင်တူးဖော်လာရာကနေ ကုန်ချောအဖြစ်ရောက်ရှိလာတဲ့ ကျောက်သင်ပုန်းတွေဖြစ်တဲ့အထိ အဆင့်ပေါင်း ၂၆ ဆင့်ရှိကြောင်း သိရတယ်။ လုပ်ငန်းအတွင်းမှာ လေ့လာကြည့်ရှုနေကြတုန်း မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က မှာကြားထားတဲ့ ကျောက်သင်ပုန်းတွေကို အထပ်လိုက်၊ အစည်းလိုက် အများအပြားတွေ့မြင်နေရလို့ အံ့သြသွားခဲ့ရတယ်။ ကျောင်းသား၊ ကျောင်းသူတွေလဲ အသုံးမပြုတော့၊ ခေတ်လဲမရှိတော့တဲ့ ကျောက်သင်ပုန်းတွေကို ဘာကြောင့် အများအပြားမှာယူ၊ ထုတ်လုပ်ရောင်းချနေတာလဲဆိုတာကို တွေးတောစဉ်းစားရတော့တယ်။ ဒါပေမဲ့ မကြာခင်အချိန်အတောအတွင်းမှာ သိချင်တဲ့အဖြေကိုရရှိခဲ့ပါတယ်။

ကျောက်သင်ပုန်း၊ ကျောက်တံစတာတွေကို ဒီနေ့ခေတ် ကျောင်းသားကျောင်းသူတွေက စာရေးကိရိယာအဖြစ် အသုံးမပြုကြတော့ပေမဲ့ စားသောက်ဆိုင်တွေ၊ ဟိုတယ်၊ မိုတယ်တွေ၊ အခြားလုပ်ငန်းတွေမှာ အများအပြား အသုံးပြုလာကြတာကို တွေ့မြင်လာရတယ်။ ကျောက်သင်ပုန်းလုပ်ငန်းတွေမှာ ကျောက်သင်ပုန်းအဖြစ် ထုတ်လုပ်ပေးနေရတာသာမက စားသောက်ဖွယ်ရာ အမျိုးအမည်အသီးသီးတွေ၊ ဟိုတယ်အခန်းနံပါတ်တွေ၊ မင်္ဂလာပါ၊ စုံစမ်းရန်၊ ကြိုဆိုပါ၏ စတဲ့ စာသားမျိုးစုံကိုလဲ ကျောက်သင်ပုန်းတွေပေါ်မှာ ရေးသားပေးနေရတယ်။ ဒါကြောင့် ကျောက်သင်ပုန်းလုပ်ငန်းတွေက မတိမ်ကော၊ မပပျောက်သွားသလို လုပ်ငန်းတွေကိုလဲ တွင်တွင်ကျယ်ကျယ် ဆက်လက်လုပ်ကိုင်နေရပြီး တစ်နိုင်ငံလုံးကို တင်ပို့ရောင်းချနေရတယ်။ ဒါ့ပြင် ကျောက်သင်ပုန်းဆိုတာ ကျောင်းသား၊ ကျောင်းသူတွေ အသုံးပြုကြရုံသာမက အခြားလုပ်ငန်းတွေမှာလဲ ဆန်းသစ်တီထွင်တဲ့ သဘောမျိုးနဲ့ အမြင်ဆန်း၊ အသွင်ဆန်းအောင် အကျိုးရှိရှိအသုံးပြုနေကြပါလားဆိုတဲ့အသိကို ရရှိလိုက်ကြတယ်။

ကျောက်သင်ပုန်းဆိုင်မှာ လိုအပ်တဲ့ အိမ်အပြန်လက်ဆောင်ပစ္စည်းတွေ ဝယ်ယူအပြီး ပြန်ထွက်လာကြတော့ မနက် ၉ နာရီကျော်သာ ရှိနေပါသေးတယ်။ ဆက်လက်ပြီး ကမာမိုရွာမှာရှိနေတဲ့ ဝင်းလှဲ့ရေတံခွန်ကို သွားရောက်ကြမှာပါ။ ဒါပေမဲ့ ကမာမိုရွာဆိုတာကလဲ ဘယ်နားမှာမှန်းမသိ၊ ဝင်းလှဲ့ရေတံခွန်ဆိုတာကိုလဲ ဘယ်နေရာမှာရှိနေတယ်ဆိုတာကို မသိတာကြောင့် မုဒ္ဒန်းရွာကနေထွက်လာပြီးကတည်းက တစ်လမ်းလုံး မေးမြန်းစုံစမ်းလာခဲ့ရတယ်။ လမ်းတစ်လျှောက်မှာတွေ့သမျှ ရွာတွေအားလုံးကလဲ မြို့တွေလို ဖွံ့ဖြိုးတိုးတက်နေကြပြီး စည်စည်ကားကားရှိနေကြတယ်။

ဝင်းလှဲ့ရေတံခွန်ရှိတဲ့ ကမာမိုရွာကို မေးရင်းမြန်းရင်းနဲ့ နာရီဝက်ကျော်ကားမောင်းပြီးမှ ရောက်လာကြတယ်။ ကော့ရွဲစေတီရှိတဲ့ ကညော်ရွာနဲ့ ကျောက်သင်ပုန်းတွေထုတ်လုပ်တဲ့ မုဒ္ဒန်းရွာက အလှမ်းမကွာဝေးဘဲ နီးကပ်နေပေမဲ့ မုဒ္ဒန်းရွာနဲ့ ကမာမိုရွာက အနည်းငယ်ဝေးကွာနေတယ်။ ဒါပေမဲ့ ရွာတွေအားလုံးက ကျွန်းပတ်လမ်းမကြီးပေါ်မှာ တည်ရှိနေကြတယ်။ ကမာမိုရွာကို ရောက်လာတာနဲ့ ဝင်းလှဲ့ရေတံခွန်ကို ထပ်မံမေးမြန်းရပြန်တယ်။ ဝင်းလှဲ့ရေတံခွန်က ဝင်းလှဲ့ဘုန်းတော်ကြီးကျောင်းတိုက်မှာ ရှိနေတယ်ဆိုတာကြောင့် လမ်းမကြီးဘေးမှာ အဆင်သင့်တွေ့ရှိတဲ့ကျောင်းတိုက်အတွင်း ဝင်ရောက်လာခဲ့ရတယ်။ ကျောင်းတိုက်ကိုရောက်တော့ ကိုရင်လေးနှစ်ပါးက ရေတံခွန်ရှိရာကို လိုက်လံပို့ဆောင်ပြသပေးတယ်။ ကိုရင်လေးတွေရဲ့ပြောပြချက်အရ ရေတံခွန်ရှိရာကို မရောက်ဘဲ လမ်းမှားပြီး အခြားနေရာကိုရောက်သွားနိုင်ကြောင်း သိရတယ်။

ရေတံခွန်ကိုလာရောက်ကြတဲ့အခါ ကျောင်းတိုက်အတွင်းမှာ ကားကိုထားခဲ့ရပြီး လမ်းလျှောက်လာခဲ့ရတယ်။ ကျောင်းတိုက်ရဲ့ ဘေးဘက်အပေါက်တစ်ပေါက်ကနေထွက်လာပြီးကတည်းက ခြံစည်းရိုးတွေ သေသေသပ်သပ်ခတ်ထားတဲ့ သီဟိုဠ်သီးခြံတွေကို တစ်ခြံပြီးတစ်ခြံ ဖြတ်သန်းခဲ့ရတယ်။ သီဟိုဠ်သီးခြံတွေက တစ်ခြံနဲ့တစ်ခြံဆက်နေပြီး များပြားသလို ခြံကြိုခြံကြားက သုံး၊ လေးပေလောက်သာကျယ်တဲ့ မြေသားလမ်းတွေကနေ ကွေ့လိုက်ကောက်လိုက်နဲ့ အကွေ့ပေါင်းများစွာကျော်ဖြတ်ပြီးမှ ရေတံခွန်ဆိုတာကိုရောက်လာကြတယ်။ ကိုရင်လေးနှစ်ပါးကသာ လိုက်လံပို့ဆောင်မပေးဘဲ လမ်းပြရှုံပြလိုက်မယ်ဆိုရင် ရေတံခွန်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြဖို့ မလွယ်ကူပါဘူး။ ကျောင်းတိုက်နဲ့ ရေတံခွန်က ဝေးဝေးလံလံမဟုတ်ဘဲ ၁၀ မိနစ်ကျော်သာ လမ်းလျှောက်လိုက်ရတယ်။

ဒါပေမဲ့ ရေတံခွန်နေရာကိုရောက်တာနဲ့ ခရီးဖော်တွေအားလုံး တအံ့တသြဖြစ်သွားကြရတယ်။ ဝင်းလှဲ့ရေတံခွန်က မိမိတို့မြင်တွေ့နေကျ ရေတံခွန်တွေလိုမျိုးမဟုတ်ဘဲ တစ်ပေလောက်သာမြင့်တဲ့ ကျောက်တုံးတွေပေါ်က၊ နှစ်ပေလောက်သာမြင့်တဲ့ ကျောက်တုံးလေးတွေပေါ်ကနေ ချောင်းရေတွေ တသွင်သွင်ဖြတ်သန်းစီးဆင်းနေတာမျိုးလောက်သာ ဖြစ်နေတယ်။ ရေတွေကတော့ ကြည်လင်နေပြီး ချောင်းကလဲ အချို့နေရာမှာ ကျဉ်း၊ အချို့နေရာတွေမှာကျယ်ပြီး ပေ ၂၀ ပတ်လည်လောက်ရှိတဲ့ ရေအိုင်ကြီးတစ်အိုင်ကိုလဲ တွေ့မြင်နေရတယ်။ ချောင်းက ဆယ့်နှစ်ရာသီပတ်လုံး ရေမခန်းခြောက်တာကြောင့် နွေရာသီလို သင်္ကြန်ပွဲတော်ကာလတွေမှာ ဒေသတွင်းကလူတွေ ရေချိုး၊ ရေကစားကြနဲ့ အလွန်စည်ကားကြောင်းသိရတယ်။ ဘီလူးကျွန်းလိုနေရာဒေသမှာ တောင်ကုန်းတောင်တန်းတွေလဲ မရှိ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေလဲ မရှိကြလို့ ကြီးမားကျယ်ပြန့်တဲ့ ရေတံခွန်ကြီးတွေလဲမရှိကြဘဲ ရှိတဲ့ချောင်း၊ ရှိတဲ့ရေလေးတွေနဲ့ တစ်ပေလောက်အမြင့်ကဖြစ်ဖြစ်၊ နှစ်ပေလောက်အမြင့်ကဖြစ်ဖြစ် တသွင်သွင်ဖြာကျစီးဆင်းနေတဲ့ ချောင်းကလေးကို ရေတံခွန်ဆိုပြီး သတ်မှတ်ခေါ်ယူလိုက်ကြတာပါ။ ချောင်းကလေးရဲ့အနေအထားက ရေချိုး၊ ရေကစားကြဖို့ အဆင်ပြေတဲ့နေရာတစ်ခုအဖြစ် တွေ့မြင်နေရတယ်။

ဝင်းလှဲ့ရေတံခွန်မှာ ကြည့်ရှုလေ့လာလည်ပတ်စရာ ဘာမှမရှိတာကြောင့် လာလမ်းအတိုင်း ကျောင်းတိုက်ရှိရာကို ပြန်လာခဲ့ကြရတယ်။ ဒါပေမဲ့ အရိပ်ကောင်းကောင်းနဲ့ ညိုညိုညာညာစိုက်ပျိုးထားတဲ့ သီဟိုဠ်သီးခြံတွေကြားထဲက လမ်းကျဉ်းလေးတွေထဲမှာ လမ်းလျှောက်ရတာ ပျော်စရာကောင်းတဲ့အပြင် လာရောက်နေထိုင်ချင်စရာလဲ ကောင်းနေတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိမ်းစိမ်းစိုစိုနဲ့ တိတ်ဆိတ်ငြိမ်သက်နေတာပါ။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အေးအေးဆေးဆေး နေလိုသူအတွက် အထူးသင့်လျော်နေတယ်။ ဒါပေမဲ့ ရက်တွေ၊ လတွေ ကြာလာတာနဲ့အမျှ ဘာမှလဲမရှိဘူး၊ တိတ်ဆိတ်ခြောက်ကပ်နေတာပဲ၊ ပျင်းစရာကောင်းလိုက်တာ၊ မနေချင်တော့ပါဘူးဆိုတာတွေဖြစ်လာမှာလဲ သေချာနေပါတယ်။

ရေတံခွန်ကနေ ပြန်လာခဲ့ကြပြီး ကားရပ်နားထားခဲ့ရတဲ့ ဝင်းလှဲ့ကျောင်းတိုက်ပေါ်ကို တက်ရောက်လာခဲ့ကြတယ်။ ကျောင်းတိုက်ကြီးက ခေတ်မီနှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်နေသလို သက်တော်ငယ်ရွယ်သေးတဲ့ ကျောင်းထိုင်ဆရာတော်ကိုလဲ နေ့ဆွမ်းဘုဉ်းမပေးမီ အချိန်အနည်းငယ်အတွင်းမှာ ဖူးမြော်ခွင့်ရရှိခဲ့ကြတယ်။ ဆရာတော်ကို ဖူးမြော်ကန်တော့အပြီး ဘီလူးကျွန်းပေါ်မှာ ဆွမ်းခံကြွလာတဲ့ သံဃာတော်တန်းတွေကို မြင်တွေ့ဖူးမြော်လိုကြောင်း၊ ဒေသခံပြည်သူတွေက သံဃာတော်တွေ ဆွမ်းခံကြွရောက်လာတဲ့အခါ သွားလာနေကြတာကို ရပ်တန့်လိုက်ကြပြီး ဒူးတုပ်လက်အုပ်ချီကြတဲ့ မြင်ကွင်းကိုလဲ မြင်တွေ့လိုကြောင်း လျှောက်ထားတဲ့အခါ ဒီလိုမြင်ကွင်းက ဘီလူးကျွန်း၊ ချောင်းဆုံမြို့မှာ တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ရွာကျောင်းတွေမှာ သံဃာတော်အရေအတွက်နည်းတဲ့အပြင် ချိုင့်ဆွမ်းတွေသာရှိကြောင်း၊ ဆွမ်းခံကြွတဲ့ ဆွမ်းတန်းမရှိကြောင်း ပြန်လည်မြွက်ကြားရှင်းပြခဲ့တယ်။ ဒါပေမဲ့ အခုလိုအချိန် သံဃာတော်တွေ ဆွမ်းဘုဉ်းပေးချိန် နီးကပ်နေပြီဖြစ်တာကြောင့် ချောင်းဆုံမြို့ကိုရောက်ရင်လဲ မြင်တွေ့ဖူးမြော်ရဖို့ မဖြစ်နိုင်တော့ဘူးဆိုတာကို သိလိုက်ရတယ်။

ဝင်းလှဲ့ကျောင်းတိုက်ကနေ ကျွန်းပတ်လမ်းမကြီးအတိုင်းပြန်ထွက်လာခဲ့ကြပြီး ရွာလွတ်ရွာရှိရာကို ခရီးဆက်ခဲ့ကြတယ်။ ရွာလွတ်ရွာက ကမာမိုရွာနဲ့ အလှမ်းမဝေးတော့တာကြောင့် တစ်ခဏတာအတွင်း ရောက်ရှိလာတယ်။ ရွာလွတ်ရွာမှာ ပထမဆုံးတွေ့ရှိရတာက ရွာအဝင်ဆိုင်းဘုတ်ကြီးပါ။ ရွာအဝင်ဆိုင်းဘုတ်ကြီးကို ကျော်ဖြတ်လာပြီးမှ ရွာလယ်လမ်းဆုံအဝိုင်းက ဆေးတံရုပ်ကြီးရှိရာ ရောက်လာကြတယ်။ ဆေးတံတွေထုတ်လုပ်ရာ ရွာလွတ်ရွာကို ရောက်ကြပြီးဖြစ်လို့ လေ့လာစရာတွေကို ဆက်လက်လေ့လာလိုက်ကြပါအုံးမယ်။



ရွာလွတ်ရွာ ရွာလယ်လမ်းဆုံအဝိုင်းရှိ ဆေးတံရုပ်ကြီးကို တွေ့ရစဉ်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ

မင်္ဂလာပါကလေးတို့ရေ။ ဒီတစ်ပတ်ဦးဦးပြောပြမဲ့ပုံပြင်လေးကတော့ "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဆိုတဲ့ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။ ပုံပြင်လေးကတော့ ဒီလိုကွဲ့-

တစ်ခါတုန်းကပေါ့ကွယ် မောင်ဖြူနဲ့မောင်မဲဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိကြသတဲ့။ သူတို့နှစ်ယောက်ဟာ တစ်ရွာဝင်တစ်ရွာထွက် ကုန်ပစ္စည်းရောင်းတဲ့အလုပ်ကို ပြုလုပ်ကြသတဲ့ကွယ်။ ကုန်ရောင်းတဲ့အခါမှာလဲ နွားလှည်းပေါ်ကို ကုန်ပစ္စည်းတွေအတူတူတင်ပြီး အရောင်းအဝယ်ပြုလုပ်ကြသတဲ့။

သူငယ်ချင်းနှစ်ယောက်မှာ မောင်ဖြူကတော့ နာမည်နဲ့လိုက်အောင် တော်တော်ကိုဖြူစင်ရိုးသားပြီး မောင်မဲကတော့ အတွင်းစိတ်မကောင်းဘူးသတဲ့ကွယ်။ တစ်နေ့ သူငယ်ချင်းနှစ်ယောက်စလုံးဟာ ကုန်ရောင်းဖို့ ခရီးထွက်လာကြသတဲ့။ဒီလိုနဲ့ တစ်ရွာဝင်တစ်ရွာထွက် ကုန်ပစ္စည်းတွေရောင်းလိုက်ကြတာ နှစ်ယောက်စလုံးမှာ လက်ကျန်ပစ္စည်းတွေနည်းနည်းပဲ ကျန်နေတာကြောင့် လက်ကျန်မရှိအောင် တစ်ယောက်နဲ့တစ်ယောက် လွှဲခွဲပြီး လိုက်ရောင်းကြသတဲ့။

မောင်ဖြူရဲ့ကုန်ပစ္စည်းတွေဟာ အရင်ရောင်းကုန်ပြီး မောင်မဲရဲ့ကုန်ပစ္စည်းကကျန်နေသေးသတဲ့ကွယ်။ ဒီလိုနဲ့စိတ်ထားဖြူစင်တဲ့မောင်ဖြူဟာ မောင်မဲကို ကုန်ပစ္စည်းမြန်မြန်ကုန်အောင် လိုက်လံရောင်းကူပေးလိုက်သတဲ့ကွယ်။ မကြာခင်မှာ မောင်မဲရဲ့ကုန်ပစ္စည်းတွေလဲ ရောင်းလို့ကုန်သွားသတဲ့ကွယ်။ ပစ္စည်းတွေကုန်သွားတဲ့အချိန်မှာ မိုးတော်တော်ချုပ်နေပြီဖြစ်လို့ လမ်းဘေးဇရပ်လေးမှာ ညအိပ်ဖို့ ပြင်ဆင်လိုက်ရတာပေါ့ကွယ်။ ရိုးသားတဲ့မောင်ဖြူကတော့ သူရောင်းရငွေတွေကို သူ့ခေါင်းအုံးဘေးမှာ စိတ်ချလက်ချထားပြီးအိပ်လိုက်တာပေါ့ကွယ်။ မောင်မဲကတော့ ဒီလိုမဟုတ်ဘူးတဲ့ကွယ်။ မောင်ဖြူရောင်းရငွေတွေကို လောဘစိတ်တက်ပြီး လိုချင်တပ်မက်စိတ်တွေဖြစ်ပေါ်လာတာကြောင့် မောင်ဖြူနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားတဲ့အချိန်ထိမအိပ်ဘဲ စောင့်နေတော့သတဲ့။ အခွင့်ကောင်းရလာတဲ့အခါ မောင်ဖြူ့ငွေထုပ်ကိုယူပြီး သူ့ငွေထုပ်နဲ့ ပေါင်းထည့်လိုက်သတဲ့ကွယ်။

မနက်မိုးလင်းတော့ မောင်ဖြူဟာသူ့ငွေထုပ်ကို မတွေ့တော့တာကြောင့် ဝမ်းနည်းပြီး ငိုယိုနေရှာတာပေါ့ကွယ်။ မောင်မဲကို သူ့ငွေထုပ်ယူထားသေး



လားလို့မေးလိုက်တော့လဲ မောင်မဲက သူမယူကြောင်း လိမ်ညာပြီး ပြောဆိုလိုက်သတဲ့။ ဒီအခါမှာ ရိုးသားပြီးဖြူစင်လွန်းလှတဲ့မောင်ဖြူဟာ သူ့ငွေထုပ်ကို ညကသူခိုးခိုးသွားပြီလို့ စိတ်မှာထင်မှတ်ပြီး ဝမ်းနည်းသွားပါတော့သတဲ့ကွယ်။

အဲဒီအချိန်မှာ သူတို့နေတဲ့ဇရပ်ဆီကို အဘိုးအိုတစ်ယောက်ရောက်ရှိလာသတဲ့။ ဝမ်းနည်းပြီး ငိုယိုနေတဲ့မောင်ဖြူကိုတွေ့သွားတဲ့အခါ အဘိုးအိုက-

"အိုအမောင်လုလင်ငယ် ဘာကြောင့် ဝမ်းနည်းပူပင်ပြီး ငိုယိုနေရပါသလဲ"လို့ မေးမြန်းလိုက်တဲ့အခါ မောင်ဖြူက ဖြစ်ကြောင်းအစုံကို အဘိုးအိုကို ပြောပြလိုက်သတဲ့ကွယ်။ အဲဒီအခါ အဘိုးအိုဟာ မောင်ဖြူကို ကူညီပေးဖို့ ဆုံးဖြတ်လိုက်သတဲ့။

"မပူနဲ့အမောင်လုလင်ငယ် သင့်ပြဿနာကို ကျုပ်ဖြေရှင်းပေးမယ်"လို့ ပြောကာ မောင်မဲကို အဘိုးအိုက မောင်ဖြူနဲ့ဝေးရာကိုခေါ်ပြီးမေးမြန်းလိုက်သတဲ့။ ပထမဦးစွာ မောင်မဲရဲ့ငွေထုပ်ထဲရှိပိုက်ဆံကို မေးမြန်းလိုက်တော့ မောင်မဲဟာ သူ့ရှိငွေနဲ့မောင်ဖြူထံက ခိုးယူထားတဲ့ငွေတွေကိုပေါင်းပြီးပြောလိုက်သတဲ့။ မောင်မဲကိုမေးမြန်းလို့ပြီးတဲ့အခါ မောင်ဖြူကို မောင်မဲနဲ့ဝေးရာကိုခေါ်ပြီး ဒီလိုလေးမေးမြန်းလိုက်ပြန်သတဲ့-

"အမောင်လုလင်ငယ်ရဲ့ ငွေထုပ်ထဲမှာပါတဲ့ အမှတ်ရစရာ တစ်ခုခုများရှိနိုင်ပါသလား"လို့မေးမြန်းလိုက်တဲ့အခါ မောင်ဖြူဟာ ရိုးသားဖြောင့်မှန်စွာနဲ့ ဒီလိုလေးပြန်ဖြေလိုက်သတဲ့ကွယ်-

"ရှိပါတယ်အဘိုးအို။ ရွာတစ်ရွာမှာ အမေအိုကြီး ဝယ်သုံးတဲ့ပိုက်ဆံလေးရဲ့ထိပ်မှာ မင်လေးနည်းနည်း စွန်းနေတာပါပါတယ်"လို့ အတိအကျ ပြန်ဖြေလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ အဘိုးအိုက "ကောင်းပြီအမောင်လုလင်ငယ်"လို့ပြောပြီး မောင်ဖြူနဲ့မောင်မဲကိုအနားခေါ်လိုက်ပြီး ဇရပ်အနီးအနားကဖြတ်သွားဖြတ်လာတွေကိုလဲ အဘိုးအိုကခေါ်ကာ အခုလိုဆုံးဖြတ်ပေးလိုက်တော့သတဲ့ကွယ်။ လူအများရဲ့ရှေ့မှာ မောင်မဲရဲ့ငွေထုပ်ကိုဖွင့်လိုက်တဲ့အခါ၊ မောင်ဖြူပြောတဲ့အတိုင်း မင်စွန်းနေတဲ့ပိုက်ဆံပါ၊ မပါ စစ်ဆေးကြည့်လိုက်တဲ့အခါ ငွေထုပ်ထဲမှာ မင်စွန်းနေတဲ့ပိုက်ဆံ မြင်တွေ့သွားသတဲ့ကွယ်။

ဒီအခါမှာတော့ အဘိုးအိုဟာ မောင်မဲက မောင်ဖြူရဲ့ငွေတွေကို ခိုးယူထားကြောင်း ဝန်ခံခိုင်းလိုက်သတဲ့ကွယ်။ မောင်မဲလဲ ဘယ်လိုမှငြင်းမရတော့တာကြောင့် ယူထားကြောင်းကို ဝန်ခံလိုက်ရသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့အားလုံးလဲ ပုံပြင်လေးကိုနားထောင်တဲ့အနေနဲ့ "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဆိုတဲ့အတိုင်း မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အကြံ၊ မကောင်းတဲ့အတွေး ဟူသမျှတွေကို မလုပ်မိ၊ မကြံမိ၊ မတွေးမိကြပါစေနဲ့နော်။

ကလေးတို့အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကွယ်။

**ချာန်လေး(ပညာရေး)**

---

## ကျေးလက်အလှ

♦ ညခင်းချိန်ခါ လသာသာ
ကြယ်ရောင်လင်းလက်ဖြာ
ကောင်းကင်ပြာပြာ အောက်ခံရှိ
လှပလိုက်ပါဘိ။

♦ အိမ်တလင်းရှိ ကွပ်ပျစ်ဝယ်
ကိုကြီးကိုငယ် ညီမရယ်
ခူဝံကြယ်ကို ရှာဖွေကြ
နက္ခတ်စုံတဲ့ည။
ကျေးလက်သဘာဝ။

**ရွှေနတ်သမီး**



## စာဖတ်ကြမယ်

♦ စာအုပ်စာပေ လူ့မိတ်ဆွေ
တန်ဖိုး ကြီးမားပေ ။

♦ ပျင်းရိမနေ တို့မနား
စာကြည့်တိုက်သို့သွား ။

♦ ဉာဏ်ရည်ဖွံ့ထွား ပန်းတိုင်ဆီ
ရောက်ရ ကေန်တည် ။

♦ လှသောဂုဏ်ရည် ဘဝလမ်း
အေးချမ်း ဖြောင့်ဖြောင့်တန်း ။

♦ စကားတတ်ကျွမ်း သိပညာ
စာအုပ်က ပေးတာ ။

♦ ရသစုံစွာ မှတ်သားရ
များစွာ အကျိုးလှ ။

♦ ငြိမ်းချမ်းရွှင်ပျ ရလဒ်စုံ
သုခပြည့် ဖူလုံ ။

♦ စာဖတ်တွေ့ကြုံ ဖြန့်ဝေပေး
စာဖတ်ကြစို့လေး ။

**မောင်မျိုးချစ်(အညာမြေ)**



# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မိုးစပါး ၄၄၆၄၉ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မိုးစပါး ၄၄၆၄၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၄၆၄၉ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၈၃ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်အတွင်း မိုးစပါးဧက ၁၂၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မိုးစပါးစိုက်ခင်းတွေ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့ မိုးစပါးဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၈၃ ဒသမ ၃၆ တင်းထိ ထွက်ရှိပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၁၂၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၁၂၁၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးစပါးစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးခြင်းနှင့် မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းပန်မြို့၌ လက်သမား၊ ပန်းရန်သင်တန်းဆင်း

**မိုင်းပန် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၅ ရက်နံနက် ၁၀ နာရီက မိုင်းပန်မြို့ရှိ အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ကျေးလက်နေပြည်သူများ၏ မိသားစုတစ်ဦးချင်းအလိုက် အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြင့် ဝင်ငွေတိုးပွားလာစေရန်၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ ဆင်းရဲမှုလျှော့ချရာတွင် ဝင်ငွေပုံမှန်ရရှိရန်လိုအပ်ပြီး ကိုယ်ပိုင်ဝင်ငွေရရှိနိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကသင်ကြားပေးသော အတတ်ပညာများကို ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချစေလိုကြောင်းနှင့် လက်သမား၊ ပန်းရန်ဆိုင်ရာ နည်းပညာများကို မိမိတို့ကျေးရွာတွင် လုပ်ငန်းများဆောင်ရွက်သည့်အခါ လက်တွေ့အသုံးချ၍ မိသားစုဝင်ငွေ တိုးပွားအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လွှ၊ တူ၊ ပေကြိုးဘူး၊ သံလက် စသည့်ပစ္စည်းများ ပံ့ပိုးပေးကြသည်။

အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လက်သမား၊ ပန်းရန်ဆိုင်ရာ ဘာသာရပ်များကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။ **အေးသူ**

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီစျေးနှုန်းများ

၇-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၃၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၅၉၀ | ၂၅၆၅ | ၂၆၆၅ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၂၉၀၀ |
| 95 Ron | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၇၀ | ၂၇၆၅ | ၂၇၈၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

**မှတ်ချက်။** (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ပြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## ဝန်ထမ်းအလိုရှိသည်

| | | | | |
|---|---|---|---|---|
| 1. | မန်နေဂျာ | (ကျား) | (1) | ဦး |
| 2. | စာရင်းကိုင် | (ကျား/ မ) | (3) | ဦး |
| 3. | ကြီးကြပ် | (ကျား) | (3) | ဦး |
| 4. | စာရေး/ စာရေးမ | (ကျား/ မ) | (3) | ဦး |
| 5. | မြို့တွင်း Driver | | (3) | ဦး |

- အမှတ်စဉ် (1), (2), (3), (4)အတွက် ဘွဲ့ရဖြစ်ရမည်။
- အမှတ်စဉ်(2)အတွက် စာရင်းနှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(5)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်ရမည်။
- စိတ်ပါဝင်စားပါက CV Form, ဓာတ်ပုံ(2)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291 , 09-5069199

* အိမ်နေ/ အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။ *


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၉၊ အိမ်အမှတ်(၂၀)နေ ဦးကြည်မြင့်-ဒေါ်အေးအေးခိုင် တို့၏သား **မောင်ချမ်းငြိမ်းအောင် (၉/ ခမစ(နိုင်)၀၃၃၅၂၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကြည်မြင့်(၉/ မရတ(နိုင်)၀၅၈၅၃၆)**
**ဒေါ်အေးအေးခိုင်(၉/ မရမ(နိုင်)၀၁၆၁၁၃)**

> "အဂတိပယ်ခွာ ပြည်သာယာ"
> Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **“အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု”** ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားမှ အမှာစကားကောက်နုတ်ချက်)**

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း Wa Ale Resort သို့ နိုင်ငံတကာမှ ခရီးသွားများ နှစ်စဉ်အပန်းဖြေလည်ပတ်လျက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့နှင့်ရေမိုင် ၆၀ အကွာတွင်ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည့် ဝါးအလယ်ကျွန်း(**Wa Ale Resort**)သို့နိုင်ငံတကာမှ ခရီးသွားများ ပိုမိုဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဧရိယာ ၁၀၀ ဒသမ ၁၅ ကေအကျယ်တွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကိုဖွင့်လှစ်ထားရှိပြီး မြန်မာနိုင်ငံတွင်တစ်ခုတည်းသော အဏ္ဏဝါအမျိုးသားဥယျာဉ်တစ်ခုဖြစ်ခြင်း၊ ရုက္ခ၊ ဇီဝနှင့် အဏ္ဏဝါဆိုင်ရာ သဘာဝကုန်းနေ၊ရေနေ တောရိုင်းတိရစ္ဆာန်များရှင်သန်ကြွယ်ဝခြင်း၊ ကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်တည်ရှိခြင်း၊ အပန်းဖြေဧရိယာအတွင်း ကယက်လှေဖြင့် သဘာဝအလှကိုကြည့်ရှုလှေလှော်နိုင်ခြင်း၊ **စာမျက်နှာ ၁၇ ကော်လံ ၂** ☆

## ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၂၄

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | -၂ | ဒီဂရီစင်တီဂရိတ် | ပူတာအို | ၅ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် | ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၄ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၄ | ဒီဂရီစင်တီဂရိတ် | လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |

**လိုက်နာရမည့် စီးပွားရေးကျင့်ဝတ်များ**

ဆောင်းပါး စာမျက်နှာ - ၄

**ဆေးတံထုတ်ရာ ရှာလွတ်ရှာ**

ဆောင်းပါး စာမျက်နှာ - ၂၀

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ဦးရေ ၆၄၀၀၀ ကျော်လာရောက်ဖူးမြော်**

စာမျက်နှာ - ၁၅


**Central Hotel**
*YANGON*
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..